# (ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်)
# ရပ်ရွာနေလူထု ကိုယ်တိုင်ဦးဆောင်ပါဝင်လုပ်ကိုင်လာစေခြင်း
# သင်တန်းလက်စွဲ

## ရည်မှန်းချက်

ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးအပ်နေသည့်စီမံချက်များ ရေရှည်တည်တံ့ခိုင်မြဲနိုင်စေမည့် ရပ်ရွာနေပြည်သူလူထုကိုယ်တိုင်ဦးဆောင်ပါဝင်လုပ်နိုင်လာစေမည့် နည်းလမ်းများနှင့် လိုအပ်သည့်ဗဟုသုတများကို ဝေမျှရန်




By
**The Institutional Capacity Building Team**
**The International Rescue Committee**

**Thailand - SHIELD Project**

**သင်ကြားသည့်နည်းလမ်း**

- ပူးပေါင်းပါဝင်ဆွေးနွေးစေခြင်း။
- ရှိပြီးသားဗဟုသုတ၊ကျွမ်းကျင်မှုများအပေါ်အခြေခံ စွမ်းရည်မြှင့်တင်ပြီး မိမိကိုမိမိယုံကြည်မှုအားကောင်းလာစေခြင်း။
- အဖွဲ့လိုက်အုပ်စုဖွဲ့ဆွေးနွေးလေ့လာခြင်း။

# အမှာစာ

ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများ (CBOs) သို့မဟုတ် ဒေသခံနှင့်နိုင်ငံတကာ NGOများ၏ အမြင့်မားဆုံး ရည်ရွယ်ချက်မှာ မိမိတို့ဦးတည်လုပ်ဆောင်သည့်လူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် သို့မဟုတ် ၎င်းတို့ ဆောင်ရွက်လိုသော စိတ်ဝင်စားသောပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းရန် ဖြစ်ပါသည်။ ဤနေရာတွင် CBO နှင့် NGO များသည် ရပ်ရွာလူထုများအတွက် တည်ရှိခြင်း ဖြစ်သည်ဟု ရိုးရှင်းစွာပြောနိုင်ပါသည်။ သို့သော်လည်း ရပ်ရွာတစ်ခုအတွင်း၌ပင်လျှင် ကိုင်တွယ်ဖြေရှင်းစရာ ရပ်ရွာ၏လိုအပ်ချက်အမျိုးမျိုးနှင့် ပြဿနာအမျိုးမျိုးရှိနေပါသည်။ ရပ်ရွာလူထု၏ ပူးပေါင်းပါဝင် ကူညီမှုမရှိလျှင် CBO တစ်ခု၊ NGO တစ်ခုသည် ရပ်ရွာကရင်ဆိုင် ကြုံတွေ့နေရသောပြဿနာရပ်အားလုံးကို မည်သို့ဖြေရှင်း နိုင်မည်နည်း။ ရပ်ရွာပြည်သူလူထုကို အကူအညီပေးနေရုံမျှဖြင့် မလုံလောက်ချေ။ CBOနှင့်NGOများ သည် ရပ်ရွာလူထုအတွက် ရေရှည် တည်တံ့မည့် အကူအညီများပေးရန် လိုအပ်ပါသည်။ သို့သော်လည်း CBOနှင့်NGOများရှိ ဝန်ထမ်းအများစုအနေဖြင့် ရပ်ရွာလူထုအတွက် မိမိတို့ကသာဦးဆောင် လုပ်ကိုင်ဆောင်ရွက်နေကြပြီး ရပ်ရွာလူထုမှ မိမိတို့အရေးကိစ္စ မိမိတို့ကိုယ်တိုင်ပါဝင်လုပ်ကိုင် ဆောင်ရွက်ရမည်ဟုခံယူလျက်၊အတူလက်တွဲ ပူးပေါင်းဆောင်ရွက်ခြင်း မရှိသရွေ့ကာလပတ်လုံး မည်သည့်ဖြေရှင်း ဆောင်ရွက်ချက်မျှ ရေရှည်တည်တံ့နိုင်မည် မဟုတ်ချေ။

ပုံမှန်အားဖြင့် ရပ်ရွာလူ့အဖွဲ့အစည်းတစ်ခုတွင် လူတစ်စုသည် အဖွဲ့အစည်းတစ်ခုထူထောင်ပြီး ရပ်ရွာ၏လိုအပ်ချက်များ၊ ပြဿနာများကို ဖြေရှင်းဆောင်ရွက်လေ့ကြပါသည်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် တခါတရံတွင် ၎င်းတို့သည် ရပ်ရွာအတွင်းရှိ အရေးယူဆောင်ရွက်ရန်လိုအပ်သောပြဿနာများကို အလွယ်တကူ မြင်နိုင်ကြသူ များဖြစ်နေသည့် အလျောက် ရပ်ရွာ လူထုပါဝင်လာစေရန်ဖိတ်ခေါ်ခြင်း၊ အကြံဉာဏ်တောင်းခံခြင်းများ ပြုလုပ်ရန်မေ့လျော့နေတတ်ပါသည်။ သို့သော် ရပ်ရွာအတွင်းဖြစ်ပျက်နေသည့်ကိစ္စရပ်များကို ကိုင်တွယ်ရန် နှင့် ရပ်ရွာအတွက် ရေရှည် တည်တံ့စေမည့် အဖြေများကို ရှာဖွေရာတွင် ရပ်ရွာလူထုအနေဖြင့် မိမိတို့ပြဿနာဟုနားလည်လက်ခံပြီး ကိုယ်တိုင်ပါဝင် ဖြေရှင်းရန်လိုစိတ် ကိုလည်း မမေ့သင့်ပေ။ ထို့အပြင် ရပ်ရွာနှင့် ထိုရပ်ရွာရှိ CBOနှင့်NGOများသည် များသောအားဖြင့် မိမိတို့၏ကိုယ်ပိုင် အရင်းအမြစ်များကို အကျိုးအရှိဆုံးဖြစ်အောင်အသုံးချရန်လည်း မေ့လျော့ နေတတ်ပါသည်။ ရပ်ရွာလူထုကိုယ်တိုင် ဦးဆောင်ပါဝင်လုပ်ကိုင်လာစေခြင်းနည်းလမ်းသည် မိမိတို့ရပ်ရွာတွင် ရှိထားသည့် အရင်းအမြစ်များထည့်ဝင်ပြီး လူသား ချင်း စာနာထောက်ထားသည့်အကူအညီများ သို့မဟုတ် ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ရပ်ရွာလူထုကိုယ်တိုင်ပါဝင်လုပ်ဆောင် လာစေရန်အတွက် CBO၊ NGOနှင့် INGO များမှ ဝန်ထမ်းများကို အထောက်အကူပေးနိုင်သော နည်းတစ်ခုပင်ဖြစ်ပါသည်။ ယင်းသည် ရပ်ရွာလူထုအတွက် ပိုမိုထိရောက်ပြီး ရေရှည်တည်တံ့ခိုင်မြဲနိုင်သည့် လူမှုလုပ်ငန်းများကို လုပ်ဆောင်မည့် ပတ်ဝန်းကျင် အခြေအနေတစ်ရပ်ကိုလည်း ဖန်တီးဖြစ်ပေါ်စေနိုင်ပါသည်။ နည်းပညာသင်တန်းများပို့ချပေးပြီး လူထု၏ စွမ်းဆောင်ရည်များ မြှင့်တင်ပေးခြင်း၊ လိုအပ်သည့်အရင်းအမြစ်များကို ရယူအသုံးချနိုင်မှု အခြေအနေ၊ အခွင့်အလမ်းမျိုး ဖန်တီးပေးခြင်း နှင့် ရပ်ရွာ၏ အရေးကိစ္စများ၌ လူထုကိုယ်တိုင် ဆုံးဖြတ်ချက်ချမှတ် ဆောင်ရွက်မှုအဆင့်များတွင် ပါဝင် ခွင့်ပေးခြင်းတို့သည် ရပ်ရွာ လူထုကိုယ်တိုင်ဦးဆောင်ပါဝင် လုပ်ကိုင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်းအတွက် အရေးကြီး သည့်အချက်များဖြစ်ပါသည်။ နောက်ဆုံးတစ်နေ့တွင် ရပ်ရွာ လူထုသည် မိမိတို့ရပ်ရွာတွင်ရရှိနိုင်မည့်အရင်းအမြစ်များဖြင့် မိမိတို့ကိုယ်တိုင် ရပ်ရွာရှိပြဿနာများကို ရေရှည်တည်တံ့ နိုင်မည့် နည်းလမ်းဖြေရှင်းမှုမျိုးဖြင့် ကိုင်တွယ်ဖြေရှင်း ရမည် ပင်ဖြစ်သည်။

ရပ်ရွာလူထုပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်းသည် CBOနှင့်NGOများကို ၎င်းတို့၏လုပ်ငန်းများ တိုးတက်ကောင်းမွန် လာစေရန် အထောက်အကူပြုနိုင်မည်အမှန်ဖြစ်သော်လည်း ယင်းသည် ရေရှည်တည်တံ့မည့် ဖြေရှင်းဆောင်ရွက်မှု မျိုးကိုရှာဖွေပေးနိုင်သော လိုတရဆေးကြိမ်လုံးတစ်ခုမဟုတ်ချေ။၎င်းသည် CBOနှင့်NGOများမှ ဝန်ထမ်းများ၏ ကျွမ်းကျင်မှု

များနှင့် ခိုင်မာသောသန္နိဌာန်ပေါ်တွင် အများကြီး မူတည်ပါသည်။ ၎င်းသည် ဖြစ်စဉ်တစ်ရပ်ဖြစ်သည့်အတွက် ရပ်ရွာအတွင်း ထင်သာမြင်သာရှိသောရလဒ်များကို မြင်နိုင်ရန် တစ်ခါတရံ အချိန်ယူရတတ်ပါသည်။

အနည်းဆုံးအနေဖြင့် ရပ်ရွာလူထုပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်းလက်စွဲစာအုပ်သည် ရပ်ရွာ၏ရေရှည်ဖွံ့ဖြိုးတည်တံ့ရေးအတွက် စည်းရုံးဆောင်ရွက်ရာတွင် CBOနှင့်NGOများမှ ဝန်ထမ်းများအတွက် အထောက်အကူဖြစ်စေသောလက်စွဲ စာအုပ် ဖြစ်နိုင်ပါသည်။

## ရပ်ရွာလူထု ကိုယ်တိုင် ဦးဆောင်ပါဝင်လုပ်ကိုင်လာစေခြင်းသင်တန်းလက်စွဲ
## သင်တန်းမစတင်မီ ရှိထားပြီးသား အသိပညာဗဟုသုတများကို စစ်ဆေးချက်

**ရပ်ရွာလူထု ကိုယ်တိုင် ဦးဆောင်ပါဝင်လုပ်ကိုင်လာစေခြင်း**ဆိုင်ရာ ကျွမ်းကျင်မှုအရည်အချင်းများနှင့် အသိပညာ ဗဟုသုတတို့ကို နားလည်သိရှိနိုင်ရန် အတွက် အောက်ဖော်ပြပါမေးခွန်းများကို ဖြေဆိုပါ။

၁။ **ရပ်ရွာလူထု ကိုယ်တိုင် ဦးဆောင်ပါဝင်လုပ်ကိုင်လာစေခြင်း**ဆိုသည်မှာ အဘယ်နည်း။

၂။ **ရပ်ရွာလူထု ကိုယ်တိုင် ဦးဆောင်ပါဝင်လုပ်ကိုင်လာစေခြင်း**က စီမံကိန်းများ ရေရှည်တည်တံ့ခိုင်မြဲ ရန်အတွက် အဘယ်ကြောင့် အထောက်အကူဖြစ်စေနိုင်သနည်း။

၃။ ရပ်ရွာလူမှုအဖွဲ့အစည်းကပါဝင်လုပ်ဆောင်ခြင်း(community participation) နှင့် ရပ်ရွာလူထု ကိုယ်တိုင်ဦးဆောင် ပါဝင်လုပ်ကိုင်လာစေရန်ခြင်း(community mobilization) တို့ တွင် တူညီသည့်အချက်များနှင့် ကွာခြားချက် များက အဘယ်နည်း။

၄။ ရပ်ရွာလူထု ကိုယ်တိုင် ထိရောက်စွာ ဦးဆောင်ပါဝင်လုပ်ကိုင်လာစေရန် အဓိကလုပ်ဆောင်ရမည့်အချက်များမှာ အဘယ်နည်း။

၅။ **ရပ်ရွာလူထု ကိုယ်တိုင် ဦးဆောင်ပါဝင်လုပ်ကိုင်လာစေရန်လုပ်ဆောင်ရာတွင် ထိရောက်**အသုံးဝင်သော ကိုယ်တိုင် ပါဝင်သင်ယူလုပ်ကိုင်ဆောင်ရွက်မှုဆိုင်ရာ နည်းလမ်းများ(participatory learning and action tools) မှာ အဘယ်နည်း။

သင်ခန်းစာ - ၁

# တစ်ယောက်နဲ့တစ်ယောက်သိအောင်လုပ်ရအောင်။

ဤသင်ခန်းစာအပြီးတွင် -

၁။ သင်တန်းနည်းပြများနှင့် သင်တန်းသားများအကြား၊ သင်တန်းသားအချင်းချင်းအကြား ရင်းရင်းနှီးနှီး၊ နွေးနွေးထွေးထွေးဖြစ်လာစေရန်။

၂။ ရပ်ရွာလူထုပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်းနှင့်စပ်လျဥ်းသည့် ယခုသင်တန်းတက်ရောက်ရာတွင် သင်တန်းသားများအနေဖြင့် သင်တန်းမှရနိုင်မည်ဟုမျှော်လင့်ထားချက်များနှင့် ပူပန်စိုးရိမ်မှုများရှိပါက နားလည်သဘောပေါက်နိုင်ရန်။

၃။ ဤဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များကို သင်တန်းသားများအား အသိပေးရန်။

**အထောက်အကူပြုပစ္စည်းများ**

- ပူဖေါင်းတစ်လုံး သို့မဟုတ် ဘော်လုံးအသေးတစ်လုံး

**အချိန်** - ၄၅ မိနစ် (အုပ်စုအရွယ်အစားအပေါ်မူတည်သည်)

---

**လုပ်ငန်းစဉ်များ**

၁။ သင်တန်းသားများကို စက်ဝိုင်းပုံစံ ရပ်စေပါ။.

၂။ သင်တန်းနည်းပြသည် သင်ခန်းစာ၏ရည်ရွယ်ချက်များကို သင်တန်းသားများကို ရှင်းပြပါ။ မိမိလက်ထဲတွင် ဘော်လုံး(သို့)ပူဖေါင်း ရရှိသည်နှင့် အောက်ပါအတိုင်း မိမိကိုယ်ကိုမိတ်ဆက်ရန် သင်တန်းသားများကို ပြောပါ။



- အမည် (အခြားသူများကခေါ်စေချင်သောအမည်)
- သင့်အဖွဲ့အစည်းအမည်နှင့် အဖွဲ့တွင် သင်ယူထားသောတာဝန်

- သင်၏ရပ်ရွာလူမှုအဖွဲ့အစည်းပါဝင်လာစေရန် စည်းရုံးလှုံ့ဆော်ခြင်းအတွေ့အကြုံ
- မိမိကိုယ်ကို မိတ်ဆက်ပေးပြီးနောက် ဘော်လုံးကို မိတ်ဆက်ရန်ကျန်ရှိနေသော သင်တန်းသားဆီသို့ ပစ်ပေး ပါ။

**သင်တန်းနည်းပြမှတ်စု။**
သင်တန်းနည်းပြသည် မိမိကိုယ်ကို စတင်မိတ်ဆက်ပေးခြင်းဖြင့် သင်ခန်းစာကို စတင်နိုင်ပါသည်။

၃။ ထိုကဲ့သို့မိတ်ဆက်ပြီးနောက် သင်တန်းသားတစ်ဦးစီကို စာရွက်အပိုင်းနှစ်ရွက်စီ ပေးပါ။ တစ်ရွက်ပေါ်တွင် ၎င်းတို့၏မျှော်လင့်ချက်များ၊ ကျန်တစ်ရွက်ပေါ်တွင် စိုးရိမ်မှုများကို ရေးသားစေပါ။ သင်တန်းသား xများ ရေးသားပြီးသည့်နောက် ထိုစာရွက်ပေါ်များကို စက္ကူချပ်ကြီးပေါ်တွင် ကပ်ရန်ပြောပါ။




၄။ ထို့နောက် သင်တန်းနည်းပြသည် သင်တန်းသားများရေးသားထားသည့် မျှော်လင့်ချက်များနှင့် စိုးရိမ်မှုများကို အသံထွက်ဖတ်ပြပြီး ပြန်လည်ဆွေးနွေးပါ။ သင်ခန်းစာကိုဆွေးနွေးပြီးနောက် သင်တန်းနည်းပြသည် စက္ကူချပ်ကြီးပေါ်တွင် ရေးသားထားသော သင်တန်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောပြနိုင်ပါသည်။

သင်တန်းပြီးဆုံးပြီးနောက် သင်တန်းသားများသည် -

- ရပ်ရွာလူမှုအဖွဲ့အစည်းပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်း သဘောတရားကို နားလည်သဘောပေါက်လာမည်။
- ရပ်ရွာထဲတွင် ထိထိရောက်ရောက် ဆက်သွယ်ပြောဆိုနိုင်သည့် ကျွမ်းကျင်မှုများ ရရှိသွားမည်။
- ရပ်ရွာ၏လိုအပ်ချက်များ၊ ဆန္ဒများနှင့် အထောက်အပံ့ပေးနိုင်သည့်ပတ်ဝန်းကျင်တို့ကို ရှာဖွေဖော်ထုတ်နိုင်စွမ်း ရှိလာမည်။
- ရပ်ရွာအတွင်း ကျန်းမာရေးနှင့် လူမှုရေးအပြောင်းအလဲများဖြစ်ပေါ်လာရေးအတွက် ရပ်ရွာလူမှုအဖွဲ့အစည်းပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်းကို ပံ့ပိုးကူညီပေးနိုင်စွမ်းရှိလာမည်။

သင်ခန်းစာ - ၂

# အဖွဲ့များတွေဖွဲ့ပြီး အဓိပ္ပါယ်သိအောင်ကြိုးစားရအောင်။

ဤသင်ခန်းစာကို လေ့လာဆွေးနွေးပြီးနောက် သင်တန်းသားများသည် -
၁။ အဖွဲ့လိုက်လုပ်ငန်းများအတွက် အဖွဲ့များဖွဲ့စည်းတတ်စေရန်
၂။ `ရပ်ရွာလူမှုအဖွဲ့အစည်း´ `ရပ်ရွာလူထု၏ပူးပေါင်းပါဝင်လုပ်ဆောင်မှု´ နှင့်` ရပ်ရွာလူမှုအဖွဲ့အစည်း ပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်း´ စသည်တို့၏ အဓိပ္ပါယ်များကို နားလည်သဘောပေါက်လာစေရန်
၃ ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းနှင့် ရပ်ရွာလူမှုအဖွဲ့အစည်းပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးမှုအဆင့်များ အကြား ကွဲပြားခြားနားချက်များကို ရှင်းလင်းစွာနားလည်သဘောပေါက်စေရန်

**အထောက်အကူပြုပစ္စည်းများ**

- ❖ ရောင်စုံပူဖေါင်းများ၊ `ရပ်ရွာလူမှုအဖွဲ့အစည်းပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးမှုအဆင့်များ´ နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက် လက်ကမ်းစာစောင်များ၊ စက္ကူချပ်အကြီးများ၊ Markers

**အချိန်** - ၁ နာရီ ၃၀ မိနစ်


---

<u>**လုပ်ငန်းစဉ်များ**</u>

**အဖွဲ့များ ဖွဲ့စည်းခြင်း**

***ကြိုတင်ပြင်ဆင်ခြင်း***

(သင်တန်းဆရာမှတ်စု။ ။ဤအုပ်စုဖွဲ့လေ့ကျင့်ခန်းအတွက် ကျယ်ဝန်းသောနေရာတစ်ခုလိုအပ်ပါသည်။) သင်တန်း နည်းပြသည် ပူဖေါင်းများကို အရောင် ၅ မျိုး သို့မဟုတ် ၆ မျိုးပါအောင် (သင်တန်း သားအရေအတွက်အပေါ် မူတည်၍) ရွေးချယ်ရန် လိုအပ်ပါသည်။ အကယ်၍ သင်တန်းသား ၂၅ ဦးရှိပါက တစ်ဖွဲ့ကို ၅ဦးကျစီနှင့် ၅ ဖွဲ့ ဖွဲ့နိုင်ပါသည်။ ထို့ကြောင့် အရောင်တူပူဖေါင်း ၅လုံးစီပါသည့် ပူဖေါင်းအရောင် ၅မျိုး ရှိရန် လိုအပ်ပါသည်။



၁။ သင်တန်းသားများကို ပူဖေါင်းများ ဝေငှပေးပြီး လေမှုတ်သွင်းရန် ပြောပါ။ လူတိုင်း မိမိ၏ပူဖေါင်းကို လေမှုတ်သွင်း ပြီးသည့်အခါ အခြားသူများထံမိမိတို့ပူဖေါင်းများပစ်ပေးပြီး ပူဖေါင်းများနှင့်ကစားကြရန် ညွှန်ကြားပါ။ သင်တန်း နည်းပြ က ရပ်နားရန်ပြောမှ ကစားခြင်းကို ရပ်နားပါ။ ရပ်နားရန် ပြောသည့် အချိန်တွင် မိမိ လက်ထဲ၌ ပူဖေါင်းတစ်လုံးရှိနေရပါမည်။

၂။ ထိုနောက် အရောင်တူပုပ္ပဖေါင်းများရရှိထားသော သူများကို အဖွဲ့ဖွဲ့ရန် ပြောပါ။ မိမိအဖွဲ့၏အမည်ကို မိမိတို့နှစ်သက်သလို ပေးနိုင်ပါသည်။ အခြားအဖွဲ့များကို မိမိတို့၏အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပါ။

(၁၅ -၂၀ မိနစ်)

**အဓိပ္ပါယ်ဖွင့်ဆိုခြင်း**

၃။ ဤသင်ခန်းစာမစတင်မီ စကားလုံးများ၏အနက်အဓိပ္ပါယ်ကို နားလည်သဘောပေါက်ရန် အရေးကြီးကြောင်း သင်တန်းသားများကိုရှင်းပြပါ။ ရပ်ရွာလူထုပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်း သင်တန်းတွင် သင်တန်းသားအားလုံးသည် မိမိတို့သုံးစွဲသော စကားလုံးများကို ရှင်းရှင်းလင်းလင်း တူညီသည့် အဓိပ္ပါယ်တစ်ခုကို လက်ခံနားလည်သဘောပေါက်ထားရန်လိုအပ်ပါသည်။ ထို့ကြောင့် အောက်ပါ စကားလုံး များကို သင်တန်းသား များ မည်သို့နားလည်ထားကြောင်း မေးမြန်းပါ။

- ရပ်ရွာလူမှုဝန်းကျင် ဆိုသည်မှာ အဘယ်နည်း။
- ရပ်ရွာလူမှုအဖွဲ့အစည်း၏ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း ဆိုသည်မှာ အဘယ်နည်း။
- ရပ်ရွာလူထုကိုယ်တိုင်ဦးဆောင်ပါဝင်လာစေခြင်းဆိုသည်မှာ အဘယ်နည်း။

ဆွေးနွေးပြီးနောက် အဖွဲ့အသီးသီးက ထိုအနက်အဓိပ္ပါယ်များကို ရှင်းလင်းတင်ပြရန် အချိန် ၁၅ မိနစ်ပေးပါ။ အဖွဲ့များသည် အဓိပ္ပါယ်များကို စကားလုံးများဖြင့် ဖော်ပြသည့်အစား ရုပ်ပုံများ ရေးဆွဲ၍လည်း ဖော်ပြနိုင်ပါသည်။ စက္ကူချပ်ကြီးများနှင့် Makers များကို ပေးပါ။ အဖွဲ့လိုက်ဆွေးနွေးချက်များကို တစ်တန်းလုံးသို့ တင်ပြရန် အဖွဲ့ဝင်တစ်ဦးစီကို အဖွဲ့များက ရွေးချယ်စေပါ။ (ဆွေးနွေးချိန် - ၁၅ မိနစ်၊ တင်ပြချိန် ၃ မိနစ်)

၄။ တင်ပြဆွေးနွေးပြီးနောက် အဓိပ္ပါယ်ဖွင့်ဆိုချက်များလက်ကမ်းစာစောင်များကို ဖြန့်ဝေပါ။ အဖွဲ့များကို လက်ကမ်းစာစောင်အားဖတ်ရှုပြီး အချိန် ၅ မိနစ် သို့မဟုတ် ၁၀ မိနစ်ခန့် မိမိတို့၏ ဝေဖန်အကြံပြုချက်များပေးရန် ပြောပါ။

စာစဉ် - ၁

## ရပ်ရွာလူမှုဝန်းကျင်ဆိုသည်မှာ အဘယ်နည်း။

ရပ်ရွာလူမှုဝန်းကျင်ဆိုသည်မှာ `သတ်မှတ်ထားတဲ့နယ်နိမိတ်တစ်ခုထဲမှာ နေထိုင်ကြသောလူတစ်စု´ ဟုအဓိပ္ပါယ်ဖွင့်ဆိုနိုင်ပါသည်။ ရပ်ရွာလူမှုဝန်းကျင်ဆိုသည်မှာ ပထဝီအနေအထားအရဖြစ်စေ၊ လူမှုဆက်ဆံရေး အနေအထားအရ ဖြစ်စေ အဓိပ္ပါယ်ဖွင့်လေ့ရှိပါသည်။

လူများပြောင်းရွှေ့နေထိုင်ခြင်း၊ မြို့ပြအင်္ဂါရပ်များထွန်းကားလာခြင်း၊ ကမ္ဘာကြီး မှာကူလူးဆက်ဆံမှုများပြားလာခြင်း စသည့် ပြောင်းလဲနေသော အခြေအနေများကြောင့် ရပ်ရွာလူမှု ဝန်းကျင်ဆိုသည့်အဓိပ္ပါယ်မှာလည်း ခေတ်အလိုက် ပြောင်းလဲခဲ့ပါသည်။



တစ်ချို့လူအုပ်စုများသည် တကွဲတပြားနေထိုင်နေကြသော်လည်း တူညီသော လက္ခဏာရပ်များဖြင့် ဆက်နွယ်လျက် ရှိပါသည်။ ၄င်းတို့မှာ -

- အလုပ်အကိုင်
- အကျိုးစီးပွား
- အသက်အရွယ်
- ခေတ်
- ဆင်းသက်လာသောလူမျိုးနွယ်
- ကိုးကွယ်ယုံကြည်မှုနှင့် တန်ဖိုးထားမှု
- ယဉ်ကျေးမှု
- ဘာသာစကား

<u>ရပ်ရွာလူမှုအဖွဲ့အစည်းတစ်ခုဆိုသည်မှာ</u> အခြေခံအချက်တချို့တူညီမှုရှိသည့်လူအုပ်စု တစ်စုပင် ဖြစ်သည်။ ဉပမာအားဖြင့် - ရွာတစ်ရွာ၊ နေရာဒေသတစ်ခု၊ အတူလုပ်လုပ်ကိုင်သူများ သို့မဟုတ် စိတ်ဝင်စားသည့် အကြောင်းအရာချင်း၊ အခြေအနေပတ်ဝန်းကျင်ချင်းတူညီသည့်သူများဖြစ်နိုင်ပါသည်။ ဆိုလိုသည်မှာ ပုံစံတကျဖွဲ့ စည်းထားသည့် အဖွဲ့များဖြစ်စေ၊ စနစ်တကျဖွဲ့ထားခြင်းမျိုး မဟုတ်သည့်အဖွဲ့ ့များဖြစ်စေ စိတ်ပါဝင်စားသည့် အကြောင်းအရာများနှင့် အခြေအနေပတ်ဝန်းကျင်ချင်းတူညီမှုများရှိခဲ့လျှင် ရပ်ရွာလူမှုအဖွဲ့အစည်းတစ်ခု၏ အစိတ်အပိုင်းများအနေဖြင့်လည်း သတ်မှတ်နိုင်ကြမည်ဖြစ်ပါသည်။ တချိန်တည်းမှာပင် လူများသည် ရပ်ရွာလူမှု အဖွဲ့အစည်း တစ်ခုထက်ပိုပြီး ပါဝင်မှုရှိနိုင်ကြပါသည်။

## ရပ်ရွာလူမှုအဖွဲ့ ့အစည်း၏ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း ဆိုသည်မှာ အဘယ်နည်း။

ရပ်ရွာအတွင်းနေထိုင်သူများ၊ အကြီးအကဲများနှင့် အစုအဖွဲ့ ့များသည် လုပ်ငန်းတစ်ခု သို့မဟုတ် စီမံကိန်းတစ်ခု၏ အဆင့်တစ်ဆင့် သို့မဟုတ် တစ်ဆင့်ထက်ပိုသော အဆင့်များတွင် ပူးပေါင်းပါဝင်လုပ်ဆောင်ကြသည်။ ပူးပေါင်း ပါဝင်လုပ်ဆောင်ခြင်းဆိုသည်မှာ အတွေးခေါ်အယူအဆများ၊ ဦးစားပေးလုပ်ဆောင်လိုသောအရာများ၊ အရင်း အမြစ်များ၊ အချိန် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်းနှင့် လုပ်ငန်းပြီးဆုံးချိန် တွင် အကဲဖြတ်သုံးသပ်ခြင်းတို့ ပါဝင်နိုင်ပါသည်။ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၏ ရည်မှန်းချက်မှာ ရပ်ရွာလူထုကို ထိုလုပ်ငန်းသည် မိမိတို့၏လုပ်ငန်းပါလားဟု ခံယူတတ်စေရန်၊ မိမိတို့ ၏လိုအပ်ချက်များကိုထုတ်ဖော်တတ်သော စွမ်းရည်များရှိလာစေရန်၊ မိမိရပ်ရွာမှ ပြန်လည်လေ့လာသင်ယူရန်နှင့် အဆုံးစွန်အားဖြင့် ကျွမ်းကျင်မှုများ၊ အရည် အချင်းများ၊ အသိပညာဗဟုသုတများ လွှဲပြောင်းပေးခြင်းမှတဆင့် မိမိတို့တွင်ယုံကြည်မှုများပြည့်ဝလာပြီး လုပ်ငန်း များကို လုပ်ကိုင်နိုင်စွမ်းရှိစေရန် ဖြစ်ပါသည်။ ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်းသည် ဖြစ်စဉ်တစ်ခုဖြစ်ပြီး အခြားသော ရလဒ်တချို့ ့များဆီလည်း မကြာခဏဆိုလို ဦးတည်တတ်ပါသည်။




**ပူးပေါင်းပါဝင်မှု အဆင့်အမျိုးမျိုး**

၁။ **မည်ကာမတ္တပါဝင်ခြင်း (အမည်ပါရုံလှုပ်ရှားခြင်း)** - ဉပမာအားဖြင့် အစည်းအဝေးတက်ခြင်း၊ သတင်းအချက်အလက်များဝေမျှခြင်း၊ ဆွေးနွေးအကြံပြုရာတွင် ပါဝင်သော်လည်း တက်ကြွစွာ အကြံပေးဆွေးနွေးမှုမျိုး မပြုလုပ် ခြင်း။

၂။ **စီမံကိန်းဗဟိုပြုသောဖွံ့ ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လှုပ်ရှားခြင်း** - ရပ်ရွာအဖွဲ့ ့အစည်းပြင်ပမှ သူများ ဖြစ်သည့် NGOများ သို့မဟုတ် အစိုးရကစီစဉ်ထားသည့် စီမံကိန်းတစ်ခုတွင် ပါဝင်လုပ်ကိုင်ကြသည့်သူ များ ပါဝင်သည်။ လူထုအစည်းအဝေးပွဲများတွင် ပါဝင်ဆွေးနွေးခြင်း၊ လုပ်အားပေးခြင်းနှင့် သင်တန်း တက်ရောက်ခြင်း၊ စီမံကိန်းလုပ်ငန်းကို စီမံခန့်ခွဲခြင်း၊ စီမံကိန်း၏ရည်ရွယ်ချက်များကိုဆုံးဖြတ်ခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းတို့ ပါဝင်ပါသည်။

၃။ **လူထုကိုအခြေပြုသောဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပါဝင်လှုပ်ရှားခြင်း** - ရပ်ရွာအတွင်းမှ ပြည်သူလူထုများ ကိုယ်တိုင် စတင်လှုပ်ရှားပြီး အပြောင်းအလဲများကို စီမံခန့်ခွဲခြင်း၊ အစီအစဉ်များချမှတ်ခြင်းနှင့် မိမိတို့ကိုယ်တိုင်လုပ်ကိုင်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်ခြင်းတို့ ပါဝင်ပါသည်။

# Degrees of community participation




**ပူးပေါင်းပါဝင်လုပ်ကိုင်ဆောင်ရွက်ခြင်းကို အဟန့်အတားဖြစ်စေသောအတားအဆီးများ**

- အာဏာပိုင်အဖွဲ့အစည်းများအားပြန်လည်တုန့်ပြန်ပြောဆိုရန် ဝန်လေးခြင်း
- အာဏာ၊ ရာထူး၊ ဩဇာအရှိန်အဝါမရှိခြင်း
- အပြောင်းအလဲကြောင့်ဖြစ်လာနိုင်သည့် အကျိုးဆက်များကို ကြောက်ရွံ့ခြင်း
- မိမိတို့တစ်ဦးချင်းစီ၏အကျိုးစီးပွား
- မိမိကိုယ်မိမိယုံကြည်မှုမရှိခြင်း
- လူမှုဆက်ဆံရေး သိုမဟုတ် ပူးပေါင်းပါဝင်ဆောင်ရွက်မှုအတွေ့အကြုံများမရှိခြင်း
- ငွေကြေး၊ အချိန် မပေးနိုင်ခြင်း
- ပံ့ပိုးကူညီမှုအတွက် စနစ်များ၊ လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များမရှိခြင်း
- ပါဝင်လှုပ်ရှားရန် ဖိတ်ခေါ်မခံရခြင်း၊ ပံ့ပိုးကူညီပေးသောအဖွဲ့အစည်းက ပါဝင်ခွင့်အခွင့်အလမ်းမပေးခြင်း
- ဘာသာစကား
- မှီခိုတတ်သောအလေ့အကျင့် - ဘာလုပ်ရမည်ကို ပြောပြလမ်းညွှန်ပေးခြင်းကို နှစ်သက်ခြင်း

● အသိပညာဗဟုသုတသည် ဩဇာအာဏာဖြစ်နေခြင်း - သူတစ်ပါးကို မျှဝေပေးလိုက်ပါက မိမိတွင် ဩဇာ အာဏာ မရှိတော့မည့်ကို စိုးရိမ်ကြောက်လန့်ခြင်း

**ပူးပေါင်းပါဝင်လုပ်ဆောင်ရန်အားပေးတိုက်တွန်းခြင်း**

- **ထိုင်သည့်အနေအထား** - အဖွဲ့ဝင်များသည် ဝိုင်းပြီးထိုင်ခြင်း
- **ခေါင်းစဉ်ကိုမိတ်ဆက်ခြင်း** - ဆွေးနွေးပွဲကို သရုပ်ဆောင်ပြကွက်တစ်ခု၊ သို့မဟုတ် ကစားနည်းတစ်ခု သို့မဟုတ် ပိုစတာတစ်ခုကို အသုံးပြု၍ စတင်ခြင်း
- **ဆွေးနွေးပွဲကိုဦးဆောင်ခြင်း** - အဖွဲ့တွင်ပါဝင်သူများအားလုံး ပါဝင်စေရန် တိုက်တွန်းအားပေးခြင်းနှင့် သူတို့၏ ထင်မြင်အကြံပြုချက်များကို နားလည်သဘောပေါက်နိုင်ရန်နှင့် တနည်းနည်းဖြင့် မှတ်တမ်းတင်နိုင်သည့် နည်းစနစ်များကို အသုံးပြုခြင်း
- **လေ့လာမှတ်သားသိရှိချက်များကို ပြန်လည်အသုံးချခြင်း** - အဖွဲ့၏လိုအပ်ချက်များ၊ စိတ်ပါဝင်စားမှုများနှင့် ဆီလျော်သည့် စိတ်ကူးအယူအဆများကို ဖော်ထုတ်ပေးသည့် လက်တွေ့လုပ်ငန်းစဉ်များ သို့မဟုတ် ဆွေးနွေးပွဲများကို အရှိန်ရစေရန် ဆက်လက်ပြုလုပ်ခြင်း

**ပူးပေါင်းပါဝင်လုပ်ဆောင်မှုကို အားပေးတိုက်တွန်းသည့်အရာများ**

- မိမိတို့တစ်ဦးချင်းစီ၏အကျိုးစီးပွား - သူတို့အသီးသီး၏ကိုယ်ပိုင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း
- အခြားသူများ၏လိုအပ်ချက်များကို အလေးထားဂရုစိုက်ခြင်း
- အခြားသူများနှင့် အလုပ်လုပ်ရသည်ကို သဘောကျနှစ်သက်ခြင်း
- အနာဂတ်တွင်ရရှိနိုင်မည့် အကျိုးကျေးဇူး
- ပိုင်ဆိုင်လိုသည့်ဆန္ဒ
- ယဉ်ကျေးမှုနှင့် လူမှုရေးတန်ဖိုးများကို ပြန်လည်မြှင့်တင်ပေးခြင်း
- လူမျိုး၏အသွင်လက္ခဏာနှင့် ညီညွတ်မှုကို ဖော်ပြခြင်း
- တစ်ဦးတည်းထက် အများနှင့်လုပ်ကိုင်ခြင်းက ပိုမိုအောင်မြင်နိုင်ခြင်း
- အပြောင်းအလဲကို လိုလားစိတ်နှင့် လေ့လာသင်ယူလိုစိတ်

**ရပ်ရွာလူမှုအဖွဲ့အစည်း ပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်း ဆိုသည်မှာ အဘယ်နည်း။**

ရပ်ရွာလူမှုအသိုင်းအဝိုင်းထဲက လူပုဂ္ဂိုလ်တစ်ဦးချင်း၊ လူအုပ်စုများနှင့် အဖွဲ့အစည်းများသည် ၎င်းတို့ကိုယ်တိုင် ကစတင်၍ဖြစ်စေ အခြားသူများက လှုံ့ဆော်သောကြောင့်ဖြစ်စေ ၎င်းတို့၏ကျန်းမာရေးနှင့် အခြားလိုအပ်ချက်များ တိုးတက်ကောင်းမွန်လာစေရန် ရပ်ရွာ၏ပူးပေါင်းပါဝင်သောနည်းဖြင့် **လုပ်ငန်းဆောင်ရွက်နိုင်မှု စွမ်းရည်များ မြှင့်တင်သည့်ဖြစ်စဉ်တစ်ခု** ကို စီစဉ်လုပ်ဆောင် လေ့လာအကဲဖြတ်ခြင်းဖြစ်ပါသည်။
(from: How to mobilize communities for Health and Social Change – Health Communication Partnership)

လူတစ်စုက ရပ်ရွာလူထု၏ အခြေခံလိုအပ်ချက်တစ်ရပ် သို့မဟုတ် ပြဿနာတစ်ရပ်ကို သတိပြုသိမြင်လာပြီး လူအားလုံးအကျိုးဖြစ်ထွန်းနိုင်မည့် အရေးယူဆောင်ရွက်မှုမျိုးပြုလုပ်ရန် ဆုံးဖြတ်သည့် ဖြစ်စဉ်တစ်ခုပင် ဖြစ်ပါသည်။(Joint United Nations Programme on HIV/AIDS)

အခွင့်အဏာပိုမိုရှိလာခြင်းနှင့် ယုံကြည်မှုဆိုင်ရာပိုမိုလွတ်လပ်လာခြင်းတို့ဆီ အတူတကွဦးတည် လုပ်ဆောင်သွားမည် ဆက်သွယ်ရေး၊ ပညာရေးနှင့် အဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်သည့် စဉ်ဆက်မပြတ် ဆင့်ကဲတိုးပွားအကောင်အထည်ဖော်မှုဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။ (Save the Children Federation)


**ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် ရပ်ရွာလူမှုအဖွဲ့အစည်းကိုစည်းရုံးလှုံ့ဆော်ခြင်းအကြား ကွဲပြားချက်များနှင့် တူညီချက်များ**

အောက်တွင်ဖော်ပြထားသော ရပ်ရွာလူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် နမူနာပုံစံတွင် ရပ်ရွာလူထုသည် နိုင်ငံတကာ NGOများ သို့မဟုတ် ဒေသခံ NGOများနှင့် အတူတကွပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များကို မျှဝေခြင်း စသည့်လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ နိုင်ငံတကာ NGOများ သို့မဟုတ် ဒေသခံ NGOများသည် ၎င်းတို့စီစဉ်ရေးဆွဲထားသော စီမံကိန်း၏ ရည်ရွယ်ချက်များအောင်မြင်ရရှိရန် ရပ်ရွာလူထုနှင့် ဆွေးနွေးခြင်း၊ အစီအစဉ်ရေးဆွဲခြင်းနှင့် အတူတကွလုပ်ငန်းအကောင်အထည်ဖော်ခြင်းတို့ကို လုပ်ဆောင်ရပါမည်။ ၎င်းတို့သည် ရပ်ရွာလူထုက ပူးပေါင်းပါဝင်လုပ်ဆောင်မှုရှိလာစေရန် နည်းလမ်းအမျိုးမျိုးဖြင့် ဖိတ်ခေါ်နိုင်ပါသည်။

သို့သော်လည်း နိုင်ငံတကာ NGOများ သို့မဟုတ် ဒေသခံ NGOများသည် ဝန်ဆောင်မှုပေးသောလုပ်ငန်းအပေါ်သာ အာရုံစိုက်နေမည်ဆိုလျှင် ရပ်ရွာလူထုကို ပူးပေါင်းပါဝင်ဆောင်ရွက်လာသည်ကို ခွင့်ပြုနိုင်ပါလိမ့်မည်။ လုပ်ငန်းအစီအစဉ်များကိုလည်း စီမံကိန်းက ဦးဆောင်လုပ်သွားပါလိမ့်မည်။ ရပ်ရွာလူထု၏လိုအပ်ချက်များကိုတော့ ဖြည့်ဆည်းပေးနိုင်ခြင်း ရှိနိုင်သလို မဖြည့်ဆည်းပေးနိုင်ခြင်းမျိုးလည်း ရှိနိုင်ပါသည်။

ရပ်ရွာလူမှုအဖွဲ့အစည်းပါဝင်လုပ်ဆောင်လာစေရန် စည်းရုံးခြင်းလုပ်ငန်းစဉ်တွင် ရပ်ရွာလူထုကိုယ်တိုင်က ၎င်းတို့၏အစီအစဉ်များကို လွတ်လွတ်လပ်လပ် ရေးဆွဲပြီး အကောင်အထည်ဖော်ခြင်းဖြစ်ပါသည်။ ရပ်ရွာလူထုသည် နိုင်ငံတကာ NGOများ သို့မဟုတ် ဒေသခံ NGOများ အပါအဝင် ဖြစ်နိုင်ခြေရှိသောအရင်းအမြစ်များမှ အကြံဉာဏ်များတောင်းခံနိုင်ပါသည်။

## ရပ်ရွာလူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ[1]




---

[1] Adapted from: McMahon, A. Community Development for Remote Townships – Induction Workshop. Yangon: UNDP/UNOPS 1999

သင်ခန်းစာ - ၃

## ရပ်ရွာလူထုကိုယ်တိုင်ဦးဆောင်ပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်း ဘာကြောင့်လိုသလဲ။

> ဤသင်ခန်းစာကို လေ့လာဆွေးနွေးပြီးနောက် သင်တန်းသားများသည် ရပ်ရွာလူမှုအဖွဲ့အစည်းပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်း၏ သဘောတရားကို နားလည်သဘောပေါက်စေရန် ဖြစ်ပါသည်။

**အထောက်အကူပြုပစ္စည်းများ**

- ❖ Markers၊ တိတ် သို့မဟုတ် ကော်၊ စက္ကူချပ်အကြီးများ၊ ရောင်စုံပူဖေါင်းများ၊ လက်ကမ်းစာစောင်များ

**အချိန်** - ၁ နာရီ ၃၀ မိနစ်

---

**လုပ်ငန်းစဉ်များ**

**ကြိုတင်ပြင်ဆင်ခြင်း**

သင်ခန်းစာမစခင် သို့မဟုတ် သင်တန်းခေတ္တနားချိန်တွင် သရုပ်ဖော်ပြကွက်အတွက် သင်တန်းသား ၃ဦးကို ရွေးချယ်ပြီး သူတို့သရုပ်ဆောင်ရမည့်အရာများကို ရှင်းပြပါ။ (လိုအပ်လျင် မြစ်ကိုဖြတ်ကူးခြင်းလေ့ကျင့်ခန်း လက်ကမ်းစာစောင်ကို ပေးနိုင်ပါသည်။) သူတို့ကို A4 အရွယ်အစားရှိသော စက္ကူများပေးပြီး ၎င်းတို့နင်းလျှောက်ရမည့် ကျောက်တုံးများအဖြစ် အသုံးပြုခိုင်းပါ။

*သရုပ်ဖော်ပြကွက်*

၁။ ထို့နောက် `မြစ်ကိုဖြတ်ကူးခြင်း´ သရုပ်ဖော်ပြကွက်တစ်ခုကို လုပ်ဆောင်မည်ဖြစ်ကြောင်း သင်တန်းသားများကို ပြောပါ။ သရုပ်ဖော်ပြကွက်ပြုလုပ်ပြီးနောက် လက်ကမ်းစာစောင်များဝေငှပြီး မေးခွန်းများကို ဆွေးနွေးစေပါ။ (ဆွေးနွေးခြင်းနှင့် သရုပ်ဖော်ပြကွက် ၃၀ မိနစ်)

*ဉာဏ်ဖွင့်စဉ်းစားခြင်း*

၂။ အောက်ပါမေးခွန်းကို တစ်တန်းလုံးရှိ သင်တန်းသားများကို မေးပါ။ (၅ မိနစ်)

**ရပ်ရွာလူမှုအဖွဲ့အစည်းပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်း အဘယ်ကြောင့်လိုအပ်သနည်း**

သင်တန်းသားများပြောသည့်အချက်များအားလုံးကို စက္ကူချပ်ကြီးပေါ်တွင် ချရေးပါ။

*အဖွဲ့လိုက်လုပ်ဆောင်ခြင်း*

၃။ `ရွာနစ်ရွာ ပုံပြင်´ လက်ကမ်းစာစောင်ကို သင်တန်းသားများထံဖြန့်ဝေပြီး ထိုပုံပြင်ကို အုပ်စုလိုက်ဖတ်ရှုရန် ပြောပါ။ (၁၅ မိနစ်)

သင်တန်းနည်းပြသည် သင်တန်းသားများကို အောက်ပါအတိုင်း ရှင်းပြနိုင်ပါသည်။

ရပ်ရွာထဲတွင် တန်ဖိုးအရှိဆုံးအရင်းအမြစ်သည် ကျွန်ုပ်တို့၏လူထုပင်ဖြစ်ပါသည်။ လူထုသည် ၎င်းတို့၏ ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့်စပ်လျဉ်းပြီး ဆုံးဖြတ်ချက်များချမှတ်နိုင်ပါသည်။ ရပ်ရွာသည် ကိုယ့်အားကိုယ်ကိုး ရပ်တည်ပြီး ပြည့်စုံဖူလုံမှုရှိရန်အတွက် တိုးတက်ဖွံ့ဖြိုးလာအောင်လုပ်ဆောင်ရာတွင် ရပ်ရွာလူထုအကြား ပူးပေါင်းဆောင်ရွက်ခြင်းသည် အရေးကြီးပါသည်။ ရပ်ရွာလူထုသည် မိမိတို့၏ရပ်ရွာအတွင်း ရရှိနိုင်သောအရင်းအမြစ်များကို ဖော်ထုတ်သုံးစွဲရာတွင် အရေးပါသောအခန်းကဏ္ဍမှာ ရှိပါသည်။

***အရင်းအမြစ်များကို ဆီလျော်ထိရောက်စွာ စီမံခန့်ခွဲခြင်းသည် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အကောင်းဆုံးဖြစ်နိုင်သည့်နည်းလမ်းဖြစ်ပါသည်။ ယင်းကို `ရပ်ရွာလူထုကိုယ်တိုင်ဦးဆောင်ပါဝင်လုပ်ကိုင်စေခြင်း'ဟု ခေါ်ပြီး လူထုက မိမိတို့၏လုပ်ငန်းအစီအစဉ်များကို မိမိတို့ကိုယ်တိုင်ရေးဆွဲအကောင်အထည်ဖော်ခြင်း ဖြစ်ပါသည်။ လူထုသည် သူတို့ကိုယ်တိုင်တာဝန်ယူတတ်လာပြီး သူတို့နေထိုင်ရာလူမှုအဖွဲ့အစည်းနှင့် သူတို့ဘဝများကို ပြောင်းလဲလာနိုင်ကြပါသည်။***

၄။ ရပ်ရွာလူမှုအဖွဲ့အစည်းပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးရေးလုပ်ငန်းစဉ်တွင် ပါဝင်ကူညီနိုင်သော စွမ်းဆောင်ရည်ရှိသည့် ရပ်ရွာလူမှုဝန်ထမ်းတစ်ဦး၏ပုံကို ရေးဆွဲရန် သင်တန်းသားအဖွဲ့များကို ပြောပါ။ (ရုပ်ပုံရေးဆွဲချိန် ၁၅ မိနစ်၊ ဆွေးနွေးခြင်းနှင့် တစ်တန်းလုံးသို့ ရှင်းပြချိန် ၁၀ မိနစ်)


စွမ်းဆောင်ရည် ရှိသည့် ရပ်ရွာလူမှုဝန်ထမ်းတစ်ဦးတွင်ရှိရမည့် အဓိကအချက် (၆) ချက်

- ရပ်ရွာနှင့် ကောင်းမွန်သောဆက်ဆံရေးရှိခြင်း
- ဆက်သွယ်ဆက်ဆံပြောဆိုမှုဆိုင်ရာ ကျွမ်းကျင်မှုများ
- စေ့စပ်ညှိနှိုင်းရေးနှင့် ပဋိပက္ခဖြေရှင်းရေးဆိုင်ရာ ကျွမ်းကျင်မှုများ
- ရပ်ရွာလူထုနှင့် လုပ်ငန်းအစီအစဉ်များကို ရေးဆွဲခြင်းနှင့် အကဲဖြတ်နိုင်ခြင်းစွမ်းရည်
- ရပ်ရွာလူထုခေါင်းဆောင်များနှင့် အဖွဲ့အစည်း၏ ခေါင်းဆောင်မှုဆိုင်ရာကျွမ်းကျင်မှုများ သန်စွမ်းအားကောင်းလာစေမည့် မဟာဗျူဟာများကို ရေးဆွဲနိုင်ခြင်း
- ရပ်ရွာ၏စွမ်းဆောင်နိုင်မှုစွမ်းအားကို လေ့လာအကဲဖြတ်နိုင်သော အရည်အချင်း

**<u>သရုပ်ဖော်ပြကွက် - မြစ်ကိုဖြတ်ကူးခြင်း</u>**

လူစိမ်းတစ်ဦးသည် ရပ်ရွာထဲရောက်ရှိလာပြီး မြစ်ကိုဖြတ်ကူးရန်ကူညီမည်ဟု ရွာသားတစ်ဦးကို ပြောပါသည်။ မြစ်ထဲတွင် အသုံးဝင်သော နင်းပြီးသွားလို့ရသည့်ကျောက်တုံးများ ရှိပါသည်။ ထိုလူစိမ်းသည် သွက်လက်စွာဖြင့် ရွာသားကို သူ၏ကြောကုန်းပေါ်တွင်ထမ်းခေါ်သွားသည်။ မြစ်လယ်သို့ရောက်သောအခါ မောပမ်းလာ၍ ရွာသားကို ကျောက်တုံးတစ်တုံးပေါ် ခေတ္တချလိုက်ပြီး ခဏနေရင် သူပြန်လာမည်ဟု ပြောသွားသည်။ ထိုရွာသားသည် သူကိုယ်တိုင် မြစ်ကိုဖြတ်ကူးရန် လမ်းရှာမရ ဖြစ်နေပါသည်။

လူစိမ်းသည် ရွာထဲသို့ပြန်ရောက်လာပြီး ဒုတိယမြောက်ရွာသားကို မြစ်ကိုဖြတ်ကူးသည့်လမ်းကိုပြမည်ဟု ပြောပါသည်။ ထိုနောက် လူစိမ်းလမ်းညွှန်ပြသည့်အတိုင်း သူတို့နှစ်ဦး ခပ်ဖြေးဖြေး အတူဖြတ်ကူးရာ မြစ်တစ်ဖက်ကမ်းကို လုံခြုံစိတ်ချစွာဖြင့် ရောက်ရှိသွားကြပါသည်။ ပထမရွာသားသည် မြစ်လယ်တွင် ဆက်လက်ကျန်ရစ်နေပါသည်။



**<u>မေးခွန်းများ</u>**

- ပုံမှန်အားဖြင့် ရပ်ရွာပြင်ပက မည့်သို့သော်သူများက ရပ်ရွာကိုရောက်ရှိလာပြီး အကူအညီပေးလေ့ရှိပါသနည်း။ ရပ်ရွာလူထုသည် ပထမရွာသားနှင့် တူပါသလား။ (မည်သူသည် မြစ်လယ်တွင်ကျန်ခဲ့သနည်း။) အဘယ်ကြောင့်နည်း။
- ဒုတိယ သရုပ်ဖော်ပြကွက်အတွင်း လူစိမ်း၏ချည်းကပ်ဆောင်ရွက်ပုံနှင့်စပ်လျဉ်း၍ ကွဲပြားခြားနားချက်က အဘယ်နည်း။
- ဘယ်လို အသိပညာဗဟုသုတများကို လူစိမ်းမှ မျှဝေသနည်း။ မည်ကဲ့သို့ မျှဝေခဲ့သနည်း။
- သရုပ်ဖော်ပြကွက်ကို ကွဲပြားသည့်ဇတ်သိမ်းခန်းဖြင့် အဆုံးသပ်စေရန် ဒုတိယရွာသားက မည်သည့်အရာများကို လုပ်ဆောင်နိုင်ခဲ့သနည်း။
- အသိပညာဗဟုသုတနှင့် အယူအဆအသစ်များကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ရပ်ရွာလူထုက မည်ကဲ့သို့လုပ်ဆောင်နိုင်မည်နည်း။

ပြည်သူများအတွက် တစ်စုံတစ်ခုလုပ်ဆောင်ပေးခြင်းသည် အနည်းအကျဉ်းသာ အထောက်အကူဖြစ်စေနိုင်စဉ်ချိန်မှာ အသိပညာဗဟုသုတများကို ဖြန့်ဝေခြင်းသည် ပြည်သူများကို မည်ကဲ့သို့ ကူညီနိုင်မည်နည်း။ ငါးကို မည်ကဲ့သို့ ဖမ်းမည်နည်းဆိုသည့် ဥပမာအတိုင်း အသိပညာဗဟုသုတများကို မျှဝေပြီးနောက် သင့်တွင် မျှဝေစရာအများအပြား ရှိပါသေးသလား။ ငါးဖမ်းနည်းကိုပေးပြီးနောက် မျှဝေစရာ မကျန်ရှိတော့ပါ။

**ရွာနစ်ရွာ ပုံပြင်**[2]

ကျွန်မ အမည်က `နန်း´ ဖြစ်ပါသည်။ ခရိုင်ကျန်းမာရေးရုံးမှဖြစ်ပါသည်။ လွန်ခဲ့သောအပတ်က ကျမသူငယ်ချင်းတစ်ဦး နှင့်အတူ ဘမ်ရိုင်းရွာကို သွားခဲ့ပါသည်။ ရွာအဝင်က လယ်ကွင်းများတွင် လယ်သမားများ လယ်ယာလုပ်နေကြပြီး ကလေးများက သူတို့၏ကျွဲများကို ကျောင်းနေကြသည်ကို တွေ့ခဲ့ရပါသည်။ ကျွန်မတို့လည်း သူတို့ကိုနှုတ်ဆက်ပြီး ကျေးလက်ကျန်းမာရေးဌာနရှိရာကို လမ်းညွှန်ပြရန် မေးပါသည်။ ရွာသားများသည် တစ်ယောက်ကို တစ်ယောက် နားမလည်သလို ကြည့်ကြပါသည်။

ရွာအဝင်လမ်းတစ်လျှောက် လူအများအပြားကိုမေးပြီး နောက်ဆုံးတွင် ကျေးလက်ကျန်းမာရေးဝန်ထမ်း အားလူနှင့် သူ၏ အိမ်တွင် တွေ့ဆုံခဲ့ပါသည်။ သူသည် ကျွန်မတို့ကို မသက်မသာဖြင့်ကြည့်ပြီး ကျွန်မတို့ သူ့ရွာကိုလာသည်ကို အံ့အားသင့်နေပါသည်။ `ဒီလောက်ဝေးတဲ့ခရီးကို ဘာကြောင့်များလာရသလဲဗျာ၊ ကျွန်တော့်ဆီက သတင်းအချက်အလက် တွေသိချင်တယ်ဆိုရင် ကျွန်တော်ကို အကြောင်းကြားလိုက်ရင် မနန်းတို့ရုံးကို လာခဲ့မှာပေ့ါ။ ဘယ်လိုဘဲဖြစ်ဖြစ် ကျွန်တော့် ဆီရောက်လာမှတော့လည်း လက်ဖက်ရည်လေးဘာလေးသောက်ပါဦး။´ ဟု သူက ပြောပါသည်။

ကျွန်မတို့လည်း ရွာကကျန်းမာရေးဆေးခန်းကို အလည်အပတ်လာပြီး လူနာအချို့နှင့်လည်းတွေ့လို၍ ဖြစ်ကြောင်း အားလူ ကို ရှင်းပြခဲ့ပါသည်။ အားလူသည် ကျေးလက်ကျန်းမာရေးဌာနသို့ အလည်လာခြင်းကို သဘောမကျပါ။ `လူနာတွေလား၊ ၁၂ ယောက်နီးပါးရှိပါတယ်။ ဒီအချိန်ဆို သူတို့ကို ရှာဖို့ခက်ပါတယ်။ ဆေးခန်းလည်းပိတ်သွားပြီ။ ဆေးခန်းက ညဖက်ပိုင်းမှ ဖွင့်တာဆိုတော့ မနန်းတို့လည်း အဲ့ဒီအချိန်အထိ ရွာမှနေနိုင်မှာမဟုတ်ပါဘူး။´

`ဘယ်လိုဘဲဖြစ်ဖြစ် ဆေးခန်းဖွင့်တဲ့အချိန်မှာ သွားကြည့်ကြရအောင်´ ဟု ကျွန်မက ပြောခဲ့ပါသည်။ ကျွန်မက အတင်း ပြောဆိုနေသောကြောင့် ကျေးလက်ဆေးခန်းကို ကျွန်မတို့ သွားရောက်ခဲ့ပါသည်။ ကျွန်မတို့ ဆေးခန်းကို ရောက်သည့်အခါ ဆေးခန်းမှာ သန့်ရှင်းရေးလုပ်မည့်သူမရှိဘဲ ညစ်ပတ်နေသည်ကို တွေ့ရပါသည်။ အားလူသည် ဆေးခန်းတံခါးကို ဖွင့်လိုက်ပါသည်။ လွန်ခဲ့သောလက အားလူလက်ခံရရှိခဲ့သည့် ဆေးများမှာ ဆေးပုံးများထဲတွင် အရာမယွင်းဘဲ ရှိနေသေး ပါသည်။ ဆေးခန်းနံရံများပေါ်တွင် ဘာမှမရှိ။ ကျွန်မသည် ဆေးခန်းကိုကြည့်၍ အလွန်အံ့အားသင့်သွားပြီး ကျွန်မတို့ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိပါသည်။ အားလူက ကျွန်မကို အလျင်အမြန် ရှင်းပြပါသည်။ `တကယ်တော့ ကျွန်တော်ဟာ အခက်အခဲ တွေကြားထဲက ဒီဆေးခန်းကိုဖွင့်နေရတာပါ။ ရွာထဲက အိမ်တိုင်းကို သွားရောက်ပြီး ဆေးပေးခန်းကို လာရောက်ပြီးဆေးကုသကြဖို့ ကာကွယ်ဆေးထိုးကြဖို့ ပြောပါတယ်။ ဒါပေမယ့် ရွာသားတွေက မလာကြဘူး။ ကျွန်တော်လည်း ကြိုးစားပြီး လာအောင်ဆွဲဆောင်ခဲ့တာ ပါပဲ။´

အပြန်လမ်းတွင် ကျွန်မတို့နှစ်ယောက် ဘမ်ရိုင်ရွာ ကျေးလက်ကျန်းမာရေးဌာန၏ အခြေအနေကို ဆွေးနွေးခဲ့ပါသည်။ `ဘာတွေမှားယွင်းခဲ့သလဲ။ ရွာသူရွာသားတွေက ဆေးပေးခန်းကို ဘာဖြစ်လို့ စိတ်မဝင်စားတာပါလဲ။ အားလူရဲ့ဆောင်ရွက် ချက်များကို ရွာသားတွေက ဘာဖြစ်လို့မသိရသလဲ။ လူနာတွေက ဆေးပေးခန်းကို ဘာကြောင့်မလာကြသလဲ။´ စသဖြင့် ကျွန်မ၏ခေါင်းထဲတွင် မေးခွန်းများစွာ ဖြစ်ပေါ်လာပါသည်။

ပြီးခဲ့သည့် (၃)ရက်က `တိုင်´ ဆိုသည့် ရွာတစ်ရွာကို သွားရောက်ခဲ့ပါသည်။ ဘမ်ရိုင်ရွာမှာ တွေ့ကြုံခဲ့ရသော အတွေ့ အကြုံများကြောင့် ထိုရွာကိုသွားရောက်ရန် ခပ်တွန့်တွန့်ဖြစ်နေခဲ့ပါသည်။ `တိုင်´ ရွာသို့ရောက်ရှိသောအခါ ရွာသားများသည် ၎င်းတို့၏ လုပ်ငန်းခွင်တွင် ဝင်နေကြပြီဖြစ်ပြီ ကလေးများကလည်း ဆော့ကစားနေကြပါသည်။

---

[2] Adapted from Handbook for Non-formal adult-education facilitators

အမျိုးသမီး၊အမျိုးသား တစ်စုရေတွင်းပတ်ပတ်လည်ကို သန့်ရှင်းရေးလုပ်နေကြတာ တွေ့ခဲ့ရပါသည်။ ကျွန်မလည်း ထိုလူစုနား သွားပြီး `ကျေးလက်ဆေးပေးခန်း ဘယ်နားမှာရှိပါသလဲရှင်။ လမ်းညွှန်ပေး ပါလားရှင်။´ ဟုမေးလိုက်ပါသည်။

`ကျွန်တော်တို့ရဲ့ ဆေးပေးခန်းလား၊ ဟုတ်ကဲ့..ဟုတ်ကဲ့..လမ်းရဲ့ ဟိုနားမှာပါ။ ဒါနဲ့ ဘယ်သူကို တွေ့ချင်လို့ပါလဲခင်ဗျာ။ ကျွန်တော်တို့အားလုံးဟာ ကျေးလက်ကျန်းမာရေးဆေးခန်းက စေတနာ့ဝန်ထမ်းတွေပါ။´ လို့ ရွာသားတွေကပြောပါသည်။ ကျွန်မလည်း `အော် ကျမက ရှင်တို့အားလုံးနဲ့ရော ရှင်တို့ရဲ့ကျန်းမာရေးဝန်ထမ်းကိုလည်း ရှာနေတာပါ။ အခု သူဘယ်မှာလဲရှင်၊ သူဘာလုပ်နေပါသလဲ။

`ကျွန်တော်တို့ရဲ့ ဆေးမှူးက မြို့ကိုတက်ပြီး ဆရာဝန်တစ်ယောက်ကို သွားခေါ်နေပါတယ်။ ရွာမှာ ကျန်းမာရေးပညာပေး ဟောပြောပေးဖို့ပါ။ မကြာခင်ကဘဲ ရွာမှာ ဝမ်းရောဂါ အတော်များများဖြစ်ပွားခဲ့ပါတယ်။ လွန်ခဲ့တဲ့အပတ်က ကျွန်တော်တို့ စေတနာ့ဝန်ထမ်းတွေ အစည်းအဝေးခေါ်ပြီး ရပ်ရွာသန့်ရှင်းရေးလုပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။´ လို့ သူတို့က ရွာ၏အခြေအနေ ကို ရှင်းပြကြပါသည်။

ကျွန်မသည် ကျန်းမာရေးဌာနသို့ လမ်းလျှောက်သွားခဲ့ပါသည်။ အဆောက်အဦးမှာ ဘမ်ရိုင်ရွာက ဆေးခန်းနှင့် အတူတူ ပင်ဖြစ်ပါသည်။ သို့သော် ခြားနားသည့်အချက်မှာ ဆေးခန်း၏နံရံများပေါ်တွင် ကျန်းမာရေးပညာပေး ပိုစတာများချိတ်ဆွဲထားခြင်းဖြစ်သည်။ အမျိုးသမီးတစ်ဦးက ကိုယ်ဝန်ဆောင်မိခင်တစ်စုနှင့် ဆွေးနွေးနေပါသည်။ `ကျန်းမာရေးမှူး မရှိရင် ဘယ်သူက အဲ့ဒီကိုယ်ဝန်ဆောင်မိခင်တွေနဲ့ ဆွေးနွေးပါသလဲ´ လို့ ကျွန်မလည်း စေတနာ့ဝန်ထမ်း တစ်ဦးကို မေးလိုက်ပါသည်။ `သူက ကျန်းမာရေးမှူးနှင့် ပြည်သူ့ကျန်းမာရေးဌာနက လေ့ကျင့်သင်တန်းပေးထားတဲ့ ဝမ်းဆွဲဆရာမပါ။ သူက ကိုယ်ဝန်ဆောင်မိခင်တွေ ကိုယ်ဝန်ဆောင်စဉ်အတွင်း အစားအသောက်ကို ဘယ်လိုသင့်တော်အောင်စားသုံးသင့်သလဲဆိုတာကို အဓိကထားရှင်းပြပေးနေတာပါ။ ကျွန်တော်တို့ ဆေးပေးခန်းမှာ အလုပ်လုပ်နေကြတဲ့ စေတနာ့ဝန်ထမ်း အများအပြားရှိပါတယ်´ လို့ သူကရှင်းပြပါသည်။

ထိုအချိန်အတွင်း ကျန်းမာရေးမှူး ပြန်လည်ရောက်ရှိလာပါသည်။ ကျွန်မတို့ကို တွေ့သောအခါ ဝမ်းသာအားရဖြစ်နေပါသည်။ ကျန်းမာရေးမှူးသည် ကျမကို ကိုယ်ဝန်ဆောင်မိခင်တစ်စုနှင့် ဆေးခန်းတွင်အလုပ်လုပ်နေ ကြသော စေတနာ့ဝန်ထမ်း များနှင့် တွေ့ဆုံစေချင်ပါသည်။ သူမသည် ကျွန်မကို နေ့လည်ခင်းတွင်ကျင်းပမည့် ကျေးရွာ ကျန်းမာရေးကော်မတီ အစည်းအဝေး ကိုလည်း တတ်ရောက်စေချင်ပါသည်။

ကျွန်မလည်း အစည်းအဝေးကို တက်ရောက်ရန်ဆုံးဖြတ်ခဲ့ပါသည်။ အစည်းအဝေးအတွင်း တက်ရောက်သူများသည် ရွာသူ ရွာသားများ၏ ကျန်းမာရေးအခြေအနေတိုးတက်ကောင်းမွန်ရေးအတွက် အရင်းအမြစ်များကို မည်ကဲ့သို့ ရှာဖွေကြမည် ကိုလည်းပြောဆိုဆွေးနွေးကြပါသည်။ ရွာလူကြီးက အားကစားကွင်းတစ်ခုတည်ဆောက်ရန် ကူညီမည်ဟု ကမ်းလှမ်း လာပါသည်။ အိမ်ပြန်ရောက်ချိန်တွင် ကျွန်မ၏စိတ်နှလုံးသည် ပျော်ရွှင်ခြင်း၊ မျှော်လင့်ခြင်းများနှင့် ပြည့်နှက်နေပါ တော့သည်။

ကျွန်မသွားရောက်လည်ပတ်ခဲ့သော ရွာနှစ်ရွာအကြောင်းပင်ဖြစ်ပါသည်။ သင်ဘယ်လို ထင်ပါသနည်း။ ထိုရွာနှစ်ရွာထဲက မည်သည့်ရွာသည် သင်တို့ရွာနှင့် ဆင်တူပါသနည်း။ ဘမ်ရိုင်နှင့် တူနေသလား၊ တိုင် နှင့်တူနေပါသလား။

စာစဉ်

## အဓိပ္ပါယ်ရှင်းလင်းချက်များ

***ရပ်ရွာလူထုကိုယ်တိုင်ဦးဆောင်ပါဝင်လုပ်ဆောင်လာစေရန်အဘယ်ကြောင့်လိုအပ်သနည်း။***

ရပ်ရွာလူမှုအဖွဲ့အစည်းကပါဝင်လုပ်ဆောင်လာစေရန်စည်းရုံးခြင်း ရပ်ရွာလူထုကို -

- မိမိတို့၏လိုအပ်ချက်များကို ဖော်ထုတ်တတ်စေရန်နှင့် ၎င်းတို့၏စိတ်ပါဝင်စားမှုကို တိုးမြှင့်လာစေရန်
- ကောင်းမွန်သည့်ခေါင်းဆောင်မှုအရည်အသွေးများရှိလာစေရန်နှင့် လူထု၏ဆန္ဒသဘောထားများအပေါ် အခြေခံသည့် ဆုံးဖြတ်ချက်များချမှတ်တတ်စေရန်
- သီးခြားပြဿနာတစ်ခုချင်းကို တာဝန်ယူဖြေရှင်းနိုင်မည့် အဖွဲ့များကို သိရှိဖော်ထုတ်တတ်စေရန်
- ရပ်ရွာလူထုအတွင်း ရရှိနိုင်သော အရင်းအမြစ်များအားလုံးကို ဖော်ထုတ်တတ်စေရန်
- ရရှိနိုင်သောအရင်းအမြစ်အားလုံးကို အကျိုးအရှိဆုံးအသုံးချနိုင်ရန် အစီအမံများချမှတ်ဆောင်ရွက်ရန်
- မိမိရပ်ရွာကို မိမိတို့ကိုယ်တိုင်ကောင်းမွန်စွာစီမံအုပ်ချုပ် တတ်လာစေရန်

***ရပ်ရွာလူထုကိုယ်တိုင်ဦးဆောင်ပါဝင်လုပ်ဆောင်လာစေခြင်းကိုအဘယ့်ကြောင့်လုပ်ကိုင်သနည်း။***

- ရပ်ရွာလူမှုအဖွဲ့အစည်းပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်းသည် ကမ္ဘာတဝှမ်းက ပြည်သူများရင်ဆိုင်နေရသော ဖိဆီးနေသည့်ပြဿနာရပ်များကို ဖော်ထုတ်ဖြေရှင်းရာတွင် အကူအညီပေးနိုင်ကြောင်း သက်သေပြနိုင်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်း မဟာဗျူဟာတစ်ခု ဖြစ်ပါသည်။
- ပြည်သူများ၏ ကျန်းမာရေးနှင့် လူနေမှုအဆင့်အတန်း တိုးတက်ကောင်းမွန်လာစေရန်လည်း အထောက်အကူပေးပါသည်။ သို့သော် ရပ်ရွာလူမှုအဖွဲ့အစည်းပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်းသည် ၎င်း၏သဘာဝအရ ရပ်ရွာလူထုအတွက်အရေးကြီးသော ရည်မှန်းချက်ပန်းတိုင်ရောက်ရှိရန်အတွက် အတူတကွလုပ်ဆောင်ခြင်းဖြင့် ရပ်ရွာလူထု၏ အရည်အသွေးကို တောင့်တင်းသန်စွမ်းပြီး တိုးတက်ကောင်းမွန်လာစေပါသည်။
- ရပ်ရွာလူမှုအဖွဲ့အစည်းပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်း၏ အဆုံးသတ်ရလဒ်များသည် `ပြဿနာတစ်ရပ်ကို ဖြေရှင်းလိုက်နိုင်ခြင်း´ တင်မက အခြားရပ်ရွာလူမှုအဖွဲ့အစည်းများ၏လိုအပ်ချက်များနှင့် ဆန္ဒများကိုလည်း အောင်မြင်စွာဖြေရှင်းပေးနိုင်သည့် စွမ်းရည်များတိုးပွားလာစေပါသည်။

***ရပ်ရွာလူမှုအဖွဲ့အစည်းပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်းလုပ်ငန်းစဉ်တွင် မည်သည့်အရာများကို ပြောင်းလဲဖို့လိုမည်နည်း။***

- သဘောထားနှင့်အမူအကျင့်များပြောင်းလဲရန် - အထက်မှ မိမိတို့ဖြစ်စေချင်သည်ကို အမိန့်ပေးညွှန်ကြားလိုသည့် အမူအကျင့်နှင့် စိတ်နေသဘောထားများ
- အသုံးပြုသည့် ချဉ်းကပ်နည်းနှင့် နည်းစနစ်များ - စီမံကိန်းအကောင်အထည်ဖော်လုပ်ဆောင်သည့်အဆင့်တိုင်းတွင် ရပ်ရွာလူထုကို ဆုံးဖြတ်ချက်ချမှတ်သည့် တာဝန်ပေးသော အားလုံးပူးပေါင်းပါဝင်လုပ်ဆောင်သည့် ချဉ်းကပ်နည်း နှင့် နည်းစနစ်များ
- အဖွဲ့အစည်းပိုင်းဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ပံ့ပိုးကူညီမှု - အထက်မှစီမံခန့်ခွဲသောစနစ်ကို လုံးဝပြောင်းလဲပစ်ရန် လိုအပ်သည်။

***ရပ်ရွာလူမှုအဖွဲ့အစည်းပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်းနှင့်စပ်လျဉ်းသော လမ်းညွှန်ဥပဒေသများ***

- တိုက်ရိုက်သက်ဆိုင်သော လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် လူမှုအဖွဲ့အစည်းများသည် ဆက်သွယ်ရေးလုပ်ငန်းဖြစ်စဉ်၊ ပါဝင်သော အကြောင်းအရာများနှင့် သက်ဆိုင်သည်။

- ယခင်ကပြောဆိုခွင့်မရရှိခဲ့သည့်ရပ်ရွာလူထုကို စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ တန်းတူပါဝင်ခွင့်ပေးခြင်းနှင့် ပြောဆိုခွင့်ပေးသင့်ပါသည်။ ရပ်ရွာကိုယ်တိုင်၏အရေးကိစ္စရပ်ဖြစ်အောင် ဦးတည်လုပ်ဆောင်သင့်ပါသည်။
- ရပ်ရွာလူထုသည် သူတို့ရပ်ရွာအပြောင်းအလဲကို လုပ်ဆောင်သူများ ဖြစ်သင့်ပါသည်။
- ပြင်ပက ကျွမ်းကျင်သူများက သတင်းအချက်အလက်များပေးခြင်းနှင့် ဆွဲဆောင်စည်းရုံးသည့်အဆင့်မှ ရပ်ရွာ၏ ကိစ္စရပ်များကို ရပ်ရွာလူထုက ဆွေးနွေးခြင်း၊ ငြင်းခုံခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်းတို့တွင် ပံ့ပိုးကူညီသည့်အဆင့်သို့ ပြောင်းလဲသင့်ပါသည်။

ထွက်ပေါ်လာသည့်ရလဒ်အပေါ် အလေးအနက်ထားခြင်းသည် လူတစ်ဦးချင်းစီ၏အမူအကျင့်မှ လူမှုအဖွဲ့အစည်း၏ စံတန်ဖိုးထားမှုများ၊ မူဝါဒများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် အထောက်အပံ့ဖြစ်စေသောဝန်းကျင်အဖြစ် ပြောင်းလဲ သင့်ပါသည်။

သင်ခန်းစာ - ၄

# ပံ့ပိုးကူညီခြင်းဆိုင်ရာ နည်းလမ်းများ

ဤသင်ခန်းစာကို လေ့လာဆွေးနွေးပြီးနောက် သင်တန်းသားများသည်
- ပံ့ပိုးကူညီသူကောင်းတစ်ဦးတွင်ရှိရမည့် စရိုက်လက္ခဏာများနှင့် ကျွမ်းကျင်မှုများကို နားလည်သဘောပေါက်စေရန်
- ရပ်ရွာလူမှုအဖွဲ့အစည်းအတွင်း ထိရောက်စွာ ပြောဆိုဆက်ဆံနိုင်စွမ်းရှိစေရန်

**အထောက်အကူပြုပစ္စည်းများ**

- ❖ အသွင်နှစ်မျိုးဖြင့် ပုံဖော်ထားသော လူတစ်ယောက်၏ ရုပ်ပုံကားချပ်၊ ဆက်သွယ်ပြောဆိုခြင်းလုပ်ငန်းစဉ်တွင် ပါဝင်သော အကြောင်းအရာ (၅)ရပ် သို့မဟုတ် (၆)ရပ်၊ လက်ကမ်းစာစောင်များ၊ စက္ကူချပ်အကြီးများ၊ Markers၊ ကော်ဗူး ၅ ဗူး၊

**အချိန်** - ၂ နာရီ

---

**<u>လုပ်ငန်းစဉ်များ</u>**

*အဖွဲ့လိုက်လုပ်ငန်း*

၁။ လူတဦး၏မတူညီသော ရုပ်ပုံကားချပ်ကို ပြသပြီး မည်သည့်ရုပ်ပုံသည် ပံ့ပိုးကူညီသူကောင်းတစ်ဦး၏လက္ခဏာရပ်များကို ရေးဆွဲထားသနည်း၊ အဘယ်ကြောင့်နည်းဟု သင်တန်းသားများကို မေးပါ။

၂။ ထိုနောက် ပံ့ပိုးကူညီသူကောင်းတစ်ဦး၏စရိုက်လက္ခဏာများနှင့် ကျွမ်းကျင်မှုများကို သင်တန်းသားများအား စဉ်းစားစေပါ။ (ဆွေးနွေးချိန် (၁၅) မိနစ်၊ အဖွဲ့လိုက်တင်ပြချိန် (၃) မိနစ်)

၃။ `ပံ့ပိုးကူညီသူကောင်းတစ်ဦးတွင်ရှိရမည့် စရိုက်လက္ခဏာများနှင့် ကျွမ်းကျင်မှုများ´ လက်ကမ်းစာဆောင်ကိုဝေပါ။



*ကစားနည်း*

၄။ သင်တန်းသားများကို စက်ဝိုင်းပုံထိုင်ရန် ပြောပါ။ ထိုနောက် သင်တန်းနည်းပြ (ပံ့ပိုးကူညီသူ) သည် မိမိ၏ လက်ဝဲဖက်တွင်ရှိသောသင်တန်းသားကို အကြောင်းအရာတစ်ခုခုကို ဝိုင်းထဲရှိအခြားသူများမကြားစေရန် စတင်ပြောပါ။ မရှင်း၍ပြန်မေးတာမျိုး မပြုလုပ်ရပါ။ ထိုနောက် အဆိုပါသင်တန်းသားသည် သူကြားသိခဲ့ရသည့် အတိုင်း ၎င်း၏လက်ဝဲဖက်ရှိသူကို ထပ်မံပြောပြပါ။ ထိုသို့လုပ်ဆောင်သွားရင်း နောက်ဆုံးသင်တန်းသား အလှည့် တွင် ၎င်းကြားသိခဲ့ရသမျှကို တစ်တန်းလုံးသို့ ပြောပြစေပါ။ နောက်ဆုံးလူက ပြောပြီးနောက် အစဉ်အတိုင်း သင်တန်းနည်းပြဆီပြန်ရောက်သည်အထိ မိမိတို့ကြားသိခဲ့ရသမျှကို တစ်တန်းလုံးကို ပြောပြပါ။ နောက်ဆုံးတွင် သင်တန်းနည်းပြက ၎င်းအမှန်တကယ်ပြောခဲ့သည့် အကြောင်းအရာကို ပြောပြပါ။

သင်တန်းသားများကို အောက်ပါအတိုင်းမေးပါ။ `အဘယ်ကြောင့် သတင်းစကားသည် အခြားသူများဆီ မှန်ကန်စွာ မရောက်ရှိရသနည်း။´


*ဆက်သွယ်ပြောဆိုခြင်းဆိုသည်မှာ အဘယ်နည်း။*

၅။ ဆက်သွယ်ပြောဆိုခြင်းလုပ်ငန်းစဉ်တွင် ပါဝင်သောအကြောင်းအရာတစ်စုံကို အဖွဲ့များကို ဝေငှပေးပြီး ၎င်းတွင် ပါဝင်သော အချက်များကို စက္ကူချပ်ကြီးပေါ်တွင်အစီအစဉ်တကျ ရေးသားရန်ပြောပါ။ (၅ မိနစ်)
ထိုနောက် စက္ကူချပ်ကြီးများကို နံရံပေါ်တွင်ကပ်ရန် ပြောပါ။ အဖွဲ့အားလုံးပြီးသွားသည့်အခါ အခြားအဖွဲ့များ ဘယ်လို အစီအစဉ်ပြုလုပ်ထားသည်ကို လေ့လာရန် ပြောပါ။ မတူညီသော အစီအစဉ်များကိုတွေ့လျင် အဘယ် ကြောင့် ထိုကဲ့သို့ စီစဉ်ထားကြောင်း မေးမြန်းပြီး တစ်တန်းလုံးနှင့်ဆွေးနွေးပါ။ (၁၀ မိနစ်)

လက်ကမ်းစာစောင်


## ပံ့ပိုးကူညီသူ (နည်းပြ)တစ်ဦး၏စရိုက်လက္ခဏာများ

ပံ့ပိုးကူညီသူကောင်းတစ်ဦးတွင်ရှိသင့်သည့် စရိုက်လက္ခဏာများမှာ-



- ရိုးသားနိမ့်ချတတ်ခြင်း
- သဘောထားကြီးခြင်း
- စိတ်ရှည်သီးခံခြင်း
- နားလည်မှုရှိခြင်း
- လက်ခံသဘောပေါက်ခြင်း
- အားလုံးကို ထည့်သွင်းစဉ်းစားခြင်း
- ရည်ရွယ်ချက်ရောက်အောင် စွမ်းဆောင်နိုင်သူ
- အားပေးတိုက်တွန်းကူညီတတ်သူ
- လူတိုင်းတွင်ရှိသော အသိပညာဗဟုသုတများကို ထုတ်ဖော်ပြောဆိုလာအောင် ပြုလုပ်ပေးခြင်း
- အခြားသူများ၏လိုအပ်ချက်များကို သိရှိနားလည်ခြင်း
- လုပ်ဆောင်ချက်အမှားများမှတဆင့် လေ့လာသင်ယူလိုစိတ်ရှိခြင်း
- သွက်လက်ဖြတ်လတ်ခြင်း၊ လှုံ့ဆော်စည်းရုံးတတ်သူတစ်ဦးဖြစ်ခြင်း
- သေသေချာချာနားထောင်တတ်သူတစ်ဦးဖြစ်ခြင်း။
- အခြားသူများ၏အတွေးအခေါ်အယူအဆများကို ချုံငုံသုံးသပ်တတ်ခြင်း
- မိမိကိုယ်ကို ယုံကြည်မှုရှိခြင်း
- ဆက်ဆံရေးကောင်းမွန်ပြေပြစ်သူတစ်ဦးဖြစ်ခြင်း

## ပံ့ပိုးကူညီသူ (နည်းပြ) တစ်ဦးတွင် ရှိသင့်သော ကျွမ်းကျင်မှုများ



ပံ့ပိုးကူညီသူတစ်ဦးတွင် ရှိသင့်သောကျွမ်းကျင်မှုများမှာ -

- အခြေအနေပေါ်မူတည်ပြီးပြောင်းလဲနိုင်သလို ကြိုတင်ပြင်ဆင်ထားမှုလည်းရှိရမည်
- တွေးခေါ်မှုနှင့် လုပ်ဆောင်ချက်များတွင် ဆန်းသစ်တီထွင်နိုင်ရမည်
- အမှားမခံသော အရေးကြီးသည့်ကိစ္စရပ်များကို ကိုင်တွယ်ရနိုင်စွမ်းရှိခြင်းနှင့် လူအများ၏ခံစားချက်များကို နားလည်ကိုင်တွယ်နိုင်ခြင်း
- ရယ်မောစရာများကို ပြောဆိုတတ်သလို အပြန်အလှန်လေးစားမှုလည်း ထားရှိတတ်ခြင်း
- အခြားသူများနှင့် ညှိနှိုင်းနိုင်သကဲ့သို့ ဩဇာလွှမ်းမိုးနိုင်စွမ်းလည်းရှိရမည်
- အတင်းအဓမ္မတွန်းအားပေးခြင်းမျိုး မဖြစ်စေဘဲ အချိန်မီပြီးစီးစေရန် တိုက်တွန်းလုပ်ဆောင်နိုင်ရမည်

ပံ့ပိုးကူညီခြင်းသည် အနုပညာတစ်ရပ်ဖြစ်ပါသည်။ မိမိ၏အတွေးအခေါ်များကို အခြားသူများလက်ခံလာစေရန် လုပ်ဆောင်ခြင်း မဟုတ်ပါ။ သူတို့၏တွေးခေါ်ယူဆချက်များ ပေါ်ထွက်လာစေရန် ကြိုးစားခြင်းပင် ဖြစ်ပါသည်။

ပံ့ပိုးကူညီသူကောင်းတစ်ဦးဆိုသည်မှာ သူရှိနေသည်ကို လူများသတိမထားမိဘဲ ကူညီဆောင်ရွက်ပေးနိုင် သူတစ်ဦးပင်ဖြစ်ပါသည်။

ပံ့ပိုးကူညီသူကောင်းတစ်ဦးသည် စကားနည်းနည်းဘဲပြောလေ့ရှိသည်။ အလုပ်ပြီးစီးသွားချိန်၊ မိမိ၏ရည်ရွယ်ချက်ပြီးမြောက်သွားချိန်တွင် လူများက `ငါတို့ ဒီအလုပ်ကို ကိုယ်တိုင်လုပ်နိုင်ခဲ့တယ်´ လို့ ပြောကြပါလိမ့်မည်။

(လောင်စူး - ဘီစီ ၅၀၀)

***ပံ့ပိုးကူညီခြင်း***

- ပံ့ပိုးကူညီသူသည် သင်တန်းသားများ၏အသိပညာဗဟုသုတဖြင့် စတင်ပါ။
- ပံ့ပိုးကူညီသူသည် သင်တန်းသားအဖွဲ့ဝင်များ သို့မဟုတ် ရပ်ရွာလူထုက သတ်မှတ်ဖော်ထုတ်လာသည့် ပြဿနာရပ်များကို ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ ၄င်းတို့၏လိုအပ်ချက်များနှင့် ယဥ်ကျေးမှုတို့နှင့်ကိုက်ညီမည့် အယူအဆအသစ်များကို မျှဝေပေးပါ။
- ပံ့ပိုးကူညီသူသည် လက်တွေ့ကျပြီး ပူးပေါင်းပါဝင်လုပ်ဆောင်နိုင်သော နည်းလမ်းများကို အသုံးပြုပါ။ ဥပမာ အဖွဲ့လိုက်ဆွေးနွေးခြင်း၊ အဖွဲ့ဝင်အားလုံးပါဝင်နိုင်သော လုပ်ငန်းစဉ်များပေးခြင်း
- ပံ့ပိုးကူညီသူနှင့် သင်တန်းသားအဖွဲ့ဝင်တစ်ဦးချင်းအကြား နည်းလမ်းအမျိုးမျိုးဖြင့် သတင်းအချက်အလက်များ စီးဆင်းမှုရှိနေခြင်း - အတွေးအခေါ်အယူအဆများဖလှယ်ခြင်း
- ပံ့ပိုးကူညီသူသည် သင်တန်းသားများ၏ဗဟုသုတကြွယ်ဝလာစေရန် တည်ဆောက်ပေးခြင်း၊ ဆွေးနွေးသည့် အကြောင်းအရာနှင့်ပတ်သက်ပြီး နောက်ထပ်သတင်းအချက်အလက်များကိုရှာဖွေပေးခြင်းတို့ ပြုလုပ်ပေးခြင်း။
- ပံ့ပိုးကူညီသူသည် မတူညီသော အတွေးစိတ်ကူးများကို အာပေးရမှာဖြစ်ပြီး တန်ဖိုးလည်းထားရပါမည်။
- ပံ့ပိုးကူညီသူသည် ရပ်ရွာလူထုနှင့် အတူတကွ လုပ်ငန်းဆောင်ရွက်ရမှာဖြစ်ပြီး ၄င်းသည် ရပ်ရွာအတွင်းမှလည်း ဖြစ်နိုင်သည်။
- ပံ့ပိုးကူညီသူသည် စဉ်းစားသည့်အခါ မျှတမှုရှိရမည်။ တစ်ဦးကိုတစ်ဦး ယုံကြည်မှုနှင့် လေးစားမှုအပေါ်အခြေခံသော ဆက်ဆံရေးထားရှိရမည်။ မိမိလုပ်ငန်းကို လုပ်ဆောင်လိုသည့် စိတ်ဆန္ဒလည်း ရှိရမည်။

***အခြားသူများ၏စွမ်းရည်ကို မြှင့်တင်ပေးခြင်း***

- သည်းခံစိတ်ရှည်ပါ။
- သူတို့ပြောပြလာသည်ကို နားထောင်ပြီး သူတို့၏အတွေးအမြင်များကို တန်ဖိုးထားကြောင်း ပြသပါ။
- သတင်းအချက်အလက်များဝေငှခြင်းကို ဦးတည်ချက်အမျိုးမျိုးဖြင့်လုပ်ဆောင်နိုင်ရန် အဖွဲ့ထံမှသင်ယူခြင်းကိုလည်း လမ်းဖွင့်ထားပါ။
- အဖွဲ့ဝင်များကို သူတို့ကိုယ်တိုင် အဖြေရှာစေပြီး သူတို့၏သင်ယူလေ့လာမှုဖြစ်စဉ်အပေါ် တာဝန်ယူတတ်မှုရှိစေရန် အားပေးတိုက်တွန်းပါ။

***ခက်ခဲသည့်မေးခွန်းများကို ဖြေရှင်းခြင်း***

- ဆွေးနွေးမည့်အကြောင်းအရာများကို ဖတ်ရှုခြင်း၊ သဘောတရားများနှင့် ဘာသာစကားတို့ကို ရင်းနှီးကျွမ်းဝင်အောင် လေ့ကျင့်ခြင်းဖြင့် အဖွဲ့လိုက်ဆွေးနွေးပွဲများအတွက် ပြင်ဆင်ပါ။
- မေးနိုင်သည့်မေးခွန်းများကို မှန်းဆပြီး ပြန်လည်ဖြေဆိုနိုင်ရန်အဖြေများကို ပြင်ဆင်ထားပါ။
- မေးခွန်းများကို မဖြေဆိုနိုင်လျှင် မဖြေနိုင်ကြောင်း ပြောဆိုရန်ဝန်မလေးပါနှင့်၊ ပြန်လည်လေ့လာစုံစမ်းမေးမြန်းပြီး သေချာစွာ ပြန်လည်ရှင်းပြပေးမည်ဖြစ်ကြောင်း ပြောပြပါ။

*ပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းခြင်း*




- ပဋိပက္ခရှိနေသည်ကို အသိအမှတ်ပြုပါ။
- ပဋိပက္ခဖြစ်ရခြင်းအကြောင်းအရင်းကို နားလည်နိုင်အောင် ကြိုးစားပါ။
- ဆွေးနွေးသည့်အကြောင်းအရာနှင့်ပတ်သက်နေလျှင် သဘောတူညီမှုတစ်ခုကို အဖွဲ့ဝင်များအကြား ရရှိလာစေရန် သင်တန်းသားများကို ကူညီဦးဆောင်ပေးပါ။ အပြန်အလှန် လေးစားမှုရှိရန်လည်း အားပေးတိုက်တွန်းပါ။
- ဆွေးနွေးသည့်အကြောင်းအရာနှင့်ပတ်သက်မှုမရှိသော်လည်း အဖွဲ့ဝင်အများအပြား ပါဝင်နေပါက ထိုကိစ္စကို နောက်ပိုင်းတွင် အဖွဲ့ပြင်ပ၌ဆွေးနွေးဖြေရှင်း တိုက်တွန်းပါ။

*ဩဇာပေးလွှမ်းမိုးလိုသူများကို ကိုင်တွယ်ခြင်း*

- အုပ်စုအတွင်း သူတို့ကို တာဝန်များ ခွဲဝေပေးပါ။
- အပြုအမူအပြောင်းအလဲများဖြစ်လာစေရန် ကူညီပါဒ
- အုပ်စုအတွင်း သို့မဟုတ် အလားတူအုပ်စုများတွင် ပံ့ပိုးကူညီသူအဖြစ် နေရာချထားပေးပါ။
- အဖွဲ့အတွင်းရှိလူတိုင်းကို တန်းတူအခွင့်အရေးပေးနိုင်ရန် တစ်ဦးချင်းစကားပြောရန်အချိန်ကို သတ်မှတ်ပေးပါ။

*ရှက်ကြောက်တတ်သူများနှင့် အလုပ်လုပ်ကိုင်ခြင်း*

- အုပ်စုအတွင်းနှင့် ပြင်ပအချိန်များတွင် တစ်ဦးချင်းကို အားပေးတိုက်တွန်းခြင်း
- စကားအပြောဘဲ ငြိမ်သက်နေရသည့်အကြောင်းအရင်းကို သိရှိသဘောပေါက်ရန် ကြိုးစားခြင်း
- ဆွေးနွေးပွဲမစတင်မီ ဆွေးနွေးမည့်အကြောင်းအရာကို ကြိုတင်အသိပေးခြင်းဖြင့် ပြင်ဆင်နိုင်ရန် အချိန်ပေးခြင်း
- မှတ်စုလိုက်မှတ်ရန်နှင့် သုံးသပ်ချက်များပြုလုပ်ပေးရန် တာဝန်ပေးခြင်း
- ပံ့ပိုးကူညီပေးသောအဖွဲ့တွင် ထည့်သွင်းထားခြင်း
- အချိန်ပေးခြင်း
- ယုံကြည်မှုနှင့် ကျွမ်းကျင်မှုများကို တည်ဆောက်ပေးသည့် သရုပ်ဖော်ပြကွက်များကို အသုံးပြုခြင်း



***ထိရောက်စွာ ပံ့ပိုးကူညီခြင်း***


- ပြင်ဆင်ထားခြင်း
- အခြေအနေပေါ်လိုက်၍ပြောင်းလဲခြင်း
- အားကြိုးမာန်တက်လုပ်ဆောင်ခြင်း
- ရယ်မောစရာများကိုပြောဆိုခြင်း
- ရှင်းလင်းစွာ ပြောဆိုလုပ်ဆောင်ခြင်း
- အပြုသဘောဆွေးနွေးခြင်း
- အမှားအယွင်းများနှင့် အကန့်အသတ်များကို လက်ခံနားလည်ခြင်း
- ခံစားနားလည်နိုင်ခြင်း
- နည်းစနစ်များ၊ နည်းလမ်းများနှင့် လုပ်ငန်းစဉ်အမျိုးမျိုးကို အသုံးပြုနိုင်ခြင်း



စာစဉ်

## ***ဆက်သွယ်ပြောဆိုခြင်း ဖြစ်စဉ်***

ဆက်သွယ်ပြောဆိုခြင်း ဆိုသည်မှာ သတင်းအချက်အလက်များကို ပေးပို့ခြင်းနှင့် လက်ခံခြင်း နှစ်ခုစလုံးပါဝင်သော ဖြစ်စဉ် တစ်ရပ် ဖြစ်ပါသည်။




မှတ်ချက်။ ။ အထက်ကဖော်ပြထားသော အချက်များအားလုံးကို ရောင်စုံကဒ်ပြားများပေါ်တွင် ရေးသားနိုင်ပါသည်။ ထို့နောက် သင်တန်းသားများကို ထိုအချက်များအား စက္ကူချပ်ကြီးပေါ်တွင် အစဉ်လိုက် ကပ်ရန် ပြောပါ။ သို့မဟုတ် အထက်ပါပုံကို အစိတ်အပိုင်းများဖြစ်အောင် ပိုင်းဖြတ်ပြီး A 4 စာရွက်ပေါ်တွင် ပြည့်စုံသော ဆက်သွယ်ပြောဆိုခြင်းတစ်ခု ရရှိစေရန် သင်တန်းသားများကို လုပ်ဆောင်စေပါ။

### ***ထိရောက်စွာ ဆက်သွယ်ပြောဆိုခြင်း***

- လက်ခံသူနားလည်သော ဘာသာစကားကို အသုံးပြုပါ။
- အပြန်အလှန် လက်ခံခြင်းနှင့် ဝေဖန်ပြောဆိုခြင်းမပါသော သဘောထား၊ လူတစ်ဦးပြောသည့်စကားကိုသာ နားထောင်ခြင်းမျိုးမဟုတ်ဘဲ ထိုစကားလုံး၏နောက်ကွဲက စိတ်ခံစားချက်များကိုပါ ဖော်ထုတ်ရန်
- ယုံကြည်မှုထားပြီး ထင်သာမြင်သာရှိခြင်း
- ထင်မြင်ချက်များကို မကြာခဏ ပေးခြင်းနှင့် လက်ခံခြင်း

သင်ခန်းစာ (၅)

## မည်ကဲ့သို့ ဦးဆောင်ပါဝင်လာနိုင်စေမည်နည်း။

ဤသင်ခန်းစာကို လေ့လာဆွေးနွေးပြီးနောက် သင်တန်းသားများသည်

- ရပ်ရွာလူထုကိုယ်တိုင်ဦးဆောင်လုပ်ကိုင်လာစေရန် လက်တွေ့လုပ်ငန်းစက်ဝိုင်းအဆင့်ဆင့်ကို သိရှိနားလည်လာစေရန်
- ရပ်ရွာလူထုကိုယ်တိုင်ဦးဆောင်လုပ်ကိုင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်းဆိုင်ရာ နည်းလမ်းများ သိရှိလာစေရန်

**အထောက်အကူပြုပစ္စည်းများ**

❖ ရပ်ရွာလူမှုအဖွဲ့အစည်းပါဝင်လာစေရန် လက်တွေ့လုပ်ငန်းစက်ဝိုင်း လက်ကမ်းစာစောင်များ၊ စက္ကူချပ်အကြီးများ၊ Markers

**အချိန်** - ၂ နာရီ ၃၀ မိနစ် (လက်တွေ့လုပ်ငန်းအတွက် ကွင်းဆင်းလေ့လာရန်စီစဉ်မည်ဆိုလျှင် နံနက်ပိုင်းကို သီအိုရီများကိုလေ့လာသင့်ပြီး ညနေပိုင်းကို ကွင်းဆင်းလေ့လာသင့်ပါသည်)

---

**<u>လုပ်ငန်းစဉ်များ</u>**

ရှင်းလင်းချက် -

ပြီးခဲ့သည့် သင်ခန်းစာများသည် ရပ်ရွာလူထုကိုယ်တိုင်ဦးဆောင်လုပ်ကိုင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်း သဘောတရားများကို လေ့လာခဲ့ပြီးဖြစ်ကြောင်း၊ ယခုသင်ခန်းစာတွင် သင်တန်းသားများသည် လက်တွေ့လုပ်ဆောင်ရန်အတွက် ပြင်ဆင်ရမည် ဖြစ်ကြောင်း သင်တန်းနည်းပြက သင်တန်းသားများကို ရှင်းပြရန် လိုအပ်ပါသည်။ ရပ်ရွာ၏လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နေသူ တစ်ဦးအနေနှင့် သင်၏ရပ်ရွာလူထုကိုယ်တိုင်ဦးဆောင်ပါဝင်လုပ်ဆောင်လာနိုင်စေရန် မည်သို့စည်းရုံးမည်နည်း။ ဖြစ်နိုင်မည်ဆိုလျှင် သင်တန်း သားများကို လက်တွေ့နယ်ပယ်ထဲခေါ်သွားပြီး ကျွမ်းကျင်မှုအားလုံးကို လက်တွေ့လေ့ကျင့်စေပါ။

၁။ သင်တန်းသားများကို ရပ်ရွာလူမှုအဖွဲ့အစည်းပါဝင်လာစေရန် လက်တွေ့လုပ်ငန်းစက်ဝိုင်း လက်ကမ်းစာစောင်ကိုပြသပါ။


***<u>စည်းရုံးလှုံ့ဆော်ရန် ပြင်ဆင်ခြင်း</u>***

၂။ စည်းရုံးလှုံ့ဆော်ရန် ပြင်ဆင်ခြင်းသည် ပထမအဆင့်ဖြစ်ပြီး အောက်ပါအချက်များကို လုပ်ဆောင်ရမည် ဖြစ်ကြောင်း သင်တန်းသားများကို ရှင်းပြပါ။

- ရပ်ရွာလူထုတစ်ရပ်လုံးပါဝင်နိုင်မည် အကြောင်းအရာကို ရှာဖွေဖော်ထုတ်ပါ
- ထိုအကြောင်းအရာနှင့် ရပ်ရွာနှင့်ပတ်သက်သော သတင်းအချက်အလက်ကို စုဆောင်းပါ။
- ရရှိနိုင်မည့် အရင်းအမြစ်များနှင့် အကန့်အသတ်များကို စဉ်းစားဖော်ထုတ်ပါ

*အဖွဲ့လိုက်လုပ်ငန်း*

၃။ တစ်ဦးချင်း၏ကျွမ်းကျင်မှုများ၊ အသိပညာဗဟုသုတများ၊ ပြောဆိုသည့်ဘာသာစကားနှင့် ဝင်ငွေရရှိနိုင်မည့် လုပ်ငန်းများကို လုပ်ဆောင်နိုင်သော ကျွမ်းကျင်မှုများကို မိမိတို့အဖွဲ့အတွင်း စာရင်းတစ်ခုပြုစုရန် အဖွဲ့တိုင်းကိုပြောပါ။ ထို့နောက် အားလုံးပါဝင်နိုင်သော ဝင်ငွေရရှိနိုင်မည့်လုပ်ငန်းတစ်ခုကို ညဏ်ဖွင့်စဉ်းစားရန် ပြောပါ။ (ဆွေးနွေးချိန် ၁၅ မိနစ်၊ တင်ပြချိန် ၂-၃ မိနစ်)




၄။ `ရရှိနိုင်မည့် အရင်းအမြစ်များနှင့် အကန့်အသတ်များကို စဉ်းစားဖော်ထုတ်သည့် နည်းလမ်းများ´ လက်ကမ်းစာစောင်ကို ဝေငှပါ။ ထိုနောက် လေ့ကျင့်မည့်နေရာ သို့မဟုတ် ထိုနေရာအနီးတစ်ဝိုက်ရှိ အရင်းအမြစ်များ ရရှိနိုင်သော သွားရောက်လည်ပတ်နိုင်သည့် ရပ်ရွာတစ်ခု၏မြေပုံကို သင်တန်းသားများကို ဆွဲစေပါ။ ထိုဒေသတွင်ရရှိနိုင်သော အရင်းအမြစ်များအပေါ်အခြေခံ၍ ထိုဒေသကလုပ်ဆောင်နိုင်မည့် ဝင်ငွေရရှိနိုင်မည့် လုပ်ငန်းတစ်ခုကို စဉ်းစာစေပါ။

သရုပ်ဖော်ပြကွက်

၅။ ရပ်ရွာလူမှုအဖွဲ့အစည်းပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်းလုပ်ငန်းတွင် အားလုံးပါဝင်ရေးသည် အလွန်အရေးကြီးကြောင်း သင်တန်းသားများကို ရှင်းပြပါ။ (၁၅ မိနစ်)

၆။ သရုပ်ဖော်ပြကွက်ပြီးနောက် မည်သည့်အခါကမှ သင်မစဉ်းစားခဲ့သော လူအုပ်စုများနှင့်ပတ်သက်ပြီး အဖွဲ့များကို စဉ်းစားစေပါ။ ထိုနောက် ထိုလူအုပ်စုများပါဝင်ဆောင်ရွက်လာစေရန် ဖိတ်ခေါ်မည့်နည်းလမ်းများနှင့် အကောင်အထည် ဖော်ဆောင်ရွက်ရန် စီစဉ်ထားသောကိစ္စရပ်တွင် ထိုအုပ်စုများက ဘယ်လိုအထောက်အကူပြုနိုင်မည့် နည်းလမ်းများကို ရှာဖွေရန် သင်တန်းသားများကို ပြောပါ။

လက်ကမ်းစာစောင်

# အရင်းအမြစ်များနှင့် ကန့်သတ်ချက်များကို ရှာဖွေဖော်ထုတ်သော နည်းလမ်းများ

**I. ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သောအရင်းအမြစ် မြေပုံရေးဆွဲခြင်း**

ဒေသခံလူထုသည် ရပ်ရွာပြင်ပမှလူထက် မိမိရပ်ရွာအကြောင်းကို ပို၍သိပါသည်။ သူတို့သည် သူတိုရပ်ရွာအကြောင်း အားလုံးသိထားသည်ဟုလည်း ထင်မြင်ယူဆပါသည်။ သို့သော်လည်း ဖြစ်နိုင်ခြေရှိသော အရင်းအမြစ်များကိုရှာဖွေဖော်ထုတ်ရန် အစီအစဉ်သစ်များမချမှတ်မီ နားလည်သဘောပေါက်စေရန် လေ့လာရမည့်အရာများ အမြဲလိုလို ရှိနေပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် ထိရောက်သည့်နည်းလမ်းတစ်ခုမှာ ရှင်းလင်းသောမြေပြင်တစ်ခုတွင် တုတ်၊ သစ်ရွက်နှင့် ကျောက်တုံးများကို အသုံးပြု၍၄င်း၊ စက္ကူချပ်ကြီးများနှင့် Markers များရရှိနိုင်လျင် ၄င်းတို့ကိုသုံး၍၄င်း ရေးဆွဲခြင်းဖြစ်ပါသည်။

ရပ်ရွာဒေသတိုင်းတွင် မတူညီသောအရင်းအမြစ်များ ရှိနိုင်ပါသည်။ လူများသည် အသက်ရှင်နေထိုင်နိုင်ရေးနှင့် ရာသီဥတုအပြောင်းအလဲ၊ နိုင်ငံရေးအပြောင်းအလဲနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများ၏ဖိအားများကို ထိန်းချုပ်နိုင်ရန် သူတို့၏အရင်းအမြစ်များကို သုံးစွဲကြပါသည်။ သူတို့ဒေသတွင်ရှိသော မတူညီသောအရင်းအမြစ်အမျိုးမျိုးကို ဒေသခံလူထုက နားလည်သဘောပေါက်လာစေရန် ကူညီခြင်းသည် အလွန်အရေးကြီးပါသည်။ အရင်းအမြစ်များကို အောက်ပါအတိုင်း အမျိုးမျိုးခွဲခြားထားနိုင်ပါသည်။

- သဘာဝအရင်းအမြစ်များတွင် မြေယာ၊ သစ်ပင်၊ သစ်တောနှင့် ရေ တို့ပါဝင်ပါသည်။
- လူသားအရင်းအမြစ်များတွင် ကျွမ်းကျင်မှုများ၊ အသိပညာဗဟုသုတများ၊ နားလည်သဘောပေါက်မှုများနှင့် ဒေသခံပြည်သူတို့၏ လုပ်အားများ ပါဝင်ပါသည်။
- ငွေကြေးအရင်းအမြစ်များတွင် ငွေကြေး၊ ငွေကြေးချေးယူနိုင်သည့်အခွင့်အလမ်း၊ ငွေချေးငှားသည့်အဖွဲ့အစည်းများနှင့် အစိုးရ၏အထောက်အပံ့များ ပါဝင်ပါသည်။
- လူမှုအရင်းအမြစ်များတွင် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မိတ်ဆွေအပေါင်းအသင်းများနှင့် မိသားစုများ ပါဝင်ပါသည်။
- ရုပ်ပိုင်းဆိုင်ရာအရင်းအမြစ်များတွင် အဆောက်အအုံများ၊ ပစ္စည်းကရိယာများ၊ လမ်းများ၊ ရေစုပ်စက်များနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတို့ ပါဝင်ပါသည်။
- စိတ်ပိုင်းဆိုင်ရာအရင်းအမြစ်များတွင် ပြည်သူများသည် သူတို့၏ယုံကြည်မှုမှရရှိလာသော အင်အားနှင့် တွန်းအားပေးမှုများ ဖြစ်ပါသည်။

သင်တန်းနည်းပြသည် သူသိလိုသောသတင်းအချက်အလက်များရရှိစေရန် မေးခွန်းများပြင်ဆင်ရန်လိုအပ်ပါသည်။ အောက်ပါမေးခွန်းများသည် ရပ်ရွာလူထုထံမှ သတင်းအချက်အလက်များရရှိနိုင်ရန် အထောက်အကူပြုပါသည်။

- သင်၏ရပ်ရွာတွင် မည်သည့်အရင်းအမြစ်များ ပေါပေါများများရရှိနိုင် မည်နည်း။
- သင်၏ရပ်ရွာတွင် မည်သည့်အရင်းအမြစ်များ ရှားပါးသနည်း။
- သင်၏အခြေအနေကို တိုးတက်ကောင်းမွန်စေရန် မည်သည့်တိုးတက်မှုများက အထောက်အကူဖြစ်စေသနည်း။
- သင်၏ရပ်ရွာသည် သင်အရင်ကနေထိုင်ခဲ့သော သို့မဟုတ် အလည်အပတ်သွားခဲ့သော အခြားရပ်ရွာနှင့် မည်သို့ကွာခြားသနည်း။

ဤလေ့ကျင့်ခန်းသည် ရပ်ရွာအတွင်းရရှိနိုင်သောအရင်းအမြစ်များကို ခြုံငုံရှုမြင်နိုင်ရန် အထောက်အကူပြုပါသည်။ ၎င်းသည် ရပ်ရွာလူထုသတိမထားမိသော အရင်းအမြစ်များကို သတိထားမိလာစေရန် သတိပေးနိုင်ပါသည်။

**အထောက်အကူပြုပစ္စည်းများ**

အရင်းအမြစ်များကို ဖော်ပြရန် စက္ကူချပ်ကြီးများ၊ Markers နှင့် အခြားဒေသတွင်ရရှိနိုင်မည့် ပစ္စည်းများ

**လုပ်ငန်းစဉ်များ**

- ရပ်ရွာအတွင်းရှိ သင့်လျော်မည့်အချက်အချာကြသောနေရာတစ်ခုတွင် စုဝေးရန် ရပ်ရွာလူထုကို ဖိတ်ခေါ်ပါ။ လူများစုဝေးရောက်ရှိလာလျင် ၎င်းတို့ထဲမှ အသက်အရွယ်အလိုက်၊ ကျားမအုပ်စုအလိုက် အဖွဲ့ငယ်များခွဲပြီး ဖွဲ့ရန်ပြောပါ။ ဉပမာ အမျိုးသမီး (မိခင်) များအဖွဲ့၊ လူငယ်အဖွဲ့၊ လူကြီးများအဖွဲ့၊ အရွယ်ရောက်ယောကျ်ားလေး သို့မဟုတ် မိန်းကလေးများ စသဖြင့် ဖြစ်ပါသည်။
- ပထမဆုံး ရပ်ရွာလူထုကို သူတို့ရပ်ရွာနှင့် ရပ်ရွာအနီးတဝိုက်တွင်ရရှိနိုင်သော သဘာဝအရင်းအမြစ်များကို စဉ်းစားကြရန် ပြောပါ။ (ဉပမာ တောင်ကုန်းများ၊ သစ်တောများ၊ လမ်းများနှင့် မြစ်ချောင်းများ) ထိုအရင်းအမြစ်များကို စက္ကူချပ်ကြီးပေါ်တွင် နေရာသတ်မှတ်ဖော်ပြရန် ပြောပါ။
- သူတို့ကို မိမိတို့နေထိုင်၊ သွားလာသော နေရာများကို စဉ်းစားပြီး စက္ကူချပ်ကြီးပေါ်တွင် ရေးဆွဲရန် ပြောပါ။ (ဘုန်းကြီးကျောင်း၊ ခရစ်ယာန်ဘုရားရှစ်ခိုးကျောင်း၊ ဘုရား၊ ဈေး၊ ရွာ၊ ရွာလူကြီးနေအိမ်၊ တရားဟောဆရာအိမ်၊ မီးဖွားလက်သည်အိမ်၊ ကျောင်းဆရာအိမ်၊ နားနေဆောင်၊ ဆေးပေးခန်း၊ ကစားကွင်း စသဖြင့်)
- သင်တန်းနည်းပြသည် ပို၍အသေးစိတ်ဖော်ပြနိုင်သော မြေပုံတစ်ချပ်ရနိုင်ရန် မေးခွန်းများကို ဆက်လက်မေးမြန်းနိုင်ပါသည်။
- သင်တန်းနည်းပြသည် စိတ်အားထက်သန်စွာနားထောင်ရန် လိုအပ်ပါသည်။ လူတိုင်း ဆွေးနွေးပွဲတွင်ပါဝင်ဆွေးနွေးခြင်း ရှိမရှိကိုလည်း လေ့လာနေရပါမည်။ ရှက်ရွံ့နေသော၊ တိတ်ဆိတ်နေသောသူများကို မေးခွန်းများမေးပါ။
- ဆွေးနွေးချိန်ကို အလုံအလောက်ပေးရန်နှင့် အရင်းအမြစ်များအားလုံး မြေပုံထဲတွင်ပါဝင်ရန် လိုအပ်ပါသည်။ သင်တန်းသားအားလုံးဆွေးနွေးပြီးပါက ၎င်းတို့ရေးဆွဲထားသောမြေပုံကို အခြားအဖွဲ့အများရေးဆွဲထားသောမြေပုံများနှင့် နှိုင်းယှဉ်လေ့လာရန် သင်တန်းနည်းပြက ပြောပါ။ ကွဲပြားခြားနားချက်များရှိလျင် အဘယ်ကြောင့် ကွဲပြားရကြောင်းမေးမြန်းဆွေးနွေးစေပြီး အားလုံးသဘောတူနိုင်သည့် မြေပုံကိုတစ်ခုကို သဘောတူညီချက်ရယူပါ။



II. *Transects*

ရပ်ရွာလူထုတစ်ရပ်လုံးက မိမိတို့ရပ်ရွာ၏အရင်းအမြစ်များကို ဖော်ပြထားသောမြေပုံကို အားလုံးကသဘောတူပြီးသည့် အခါ ရပ်ရွာ၏အဓိကအရင်းအမြစ်များအားလုံးကို ရှာဖွေနိုင်သည့်လမ်းကြောင်းတစ်ခုကို ရေးဆွဲပါ။

**လုပ်ငန်းစဉ်များ**

- ရပ်ရွာပြင်ပမှသူများနှင့်အဖော်လိုက်ပါဆောင်ရွက်ရန် ရွာသားတစ်စုကို ဖိတ်ခေါ်ပါ။
- ရပ်ရွာထဲလျှောက်သွားစဉ် ဂရုတစိုက်လေ့လာမှုများ ပြုလုပ်သင့်ပါသည်။ ရပ်ရွာအတွင်းကရရှိနိုင်သော အရင်းအမြစ်များ နှင့်ဆက်နွယ်သည့် အခွင့်အလမ်းများနှင့် အကန့်အသတ်များကို နားလည်သဘောပေါက်စေရန် ရပ်ရွာလူထုကို မေးခွန်း များ မေးပါ။

III. ချမ်းသာကြွယ်ဝမှုအဆင့်

ဤသင်ခန်းစာသည် ရပ်ရွာ၏စီးပွားရေးအခြေအနေကို နားလည်သဘောပေါက်စေရန်နှင့် အထောက်အပံ့အတွက် ဦးတည်ထားသည့်လူဦးရေကို သတ်မှတ်ဖော်ထုတ်သည့် သင်ခန်းစာကောင်းတစ်ခုဖြစ်ပါသည်။ ဤသင်ခန်းစာသည် ရပ်ရွာ၏စီးပွားရေးအခြေအနေကို ရပ်ရွာလူထုက သတိပြုမိစေရန် အထောက်အကူဖြစ်နိုင်ပါသည်။

**လုပ်ငန်းစဉ်များ**

- ရပ်ရွာထဲရှိ ပြည်သူများ၏စီးပွားရေးအခြေအနေများကို စာရင်းပြုစုရန် ရပ်ရွာလူထုကို ပြောပါ။ (လူချမ်းသား၊ လူလတ်တန်းစား၊ လူဆင်းရဲနှင့် အလွန်ဆင်းရဲသူများ)
- ထိုနောက် ထိုလူတန်းစားအလွှာအသီးသီး၏ပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ ဥပမာ ပိုင်ဆိုင်သည့်မြေယာ၊ အိမ်၊ အစားအစာ ရရှိမှု၊ ပိုင်ဆိုင်သောငွေကြေးနှင့် အခြားပိုင်ဆိုင်မှုများဖြစ်သည့် လယ်ထွန်စက်၊ ကျွဲနွား၊ ဆန်စက် စသည်ဖြင့် စဉ်းစားရန် ပြောပါ။
- ဆွေးနွေးပွဲပေါ်အခြေခံပြီး သင်တန်းနည်းပြက ဇယားကွက်တစ်ခုကို ဆွဲနိုင်ပါသည်။

ချမ်းသာကြွယ်ဝမှုအဆင့် သတ်မှတ်ချက်များ (နမူနာ)

| | **အလွန်ဆင်းရဲသူ** | **ဆင်းရဲသူ** | **လူလတ်တန်းစား** | **လူချမ်းသား** |
|---|---|---|---|---|
| **အိမ်ယာ** | | | | |
| **အစားအစာရရှိမှု** | | | | |
| **ကျန်းမာရေး** | | | | |
| **ငွေကြေးအခြေအနေ** | | | | |


I. Venn or Chapati ကားချပ်

ဤသင်ခန်းစာသည် မည်သူ သို့မဟုတ် မည်သည့်အဖွဲ့အစည်းများသည် ရပ်ရွာအတွက် အရေးအကြီးကြောင်း၊ ရပ်ရွာ အတွင်းလုပ်ရှားမှုများတွင် မည်သည့်အဆင့်က ပါဝင်နိုင်သည်ကို ထုတ်ဖော်နိုင်ပါသည်။

- ရပ်ရွာအတွင်း တက်ကြွစွာပါဝင်သည့် လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အုပ်စုများ သို့မဟုတ် အဖွဲ့အစည်းများနှင့်ပတ်သက်ပြီး သင်တန်းသားများကို စဉ်းစားရန် ပြောပါ။
- လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့်အဖွဲ့အစည်းများ၏ အရွယ်အစား၊ လုပ်ရှာမှုများနှင့် ဩဇာသက်ရောက်မှုများပေါ်အခြေခံပြီး ရပ်ရွာလူမှုအဖွဲ့အစည်း၏ အခြေပြစက်ဝိုင်းများဆွဲရန် သင်တန်းသားများကို ပြောပါ။

- ထို့နောက် သင်ဖြေရှင်းချင်သော ကိစ္စရပ်အတွက် သင်တန်းသားများကို နောက်ထပ် Venn ကားချပ်ကို ထပ်မံရေးဆွဲစေပါ။

အောက်ပါဇယားကွက်သည် မြန်မာနိုင်ငံက ကျေးရွာတစ်ရွာ၏ Venn or Chapati ကားချပ်ဖြစ်ပါသည်။




**သရုပ်ဖော်ပြကွက်**[3]

ရည်ရွယ်ချက် - အာဃာတထားခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် ပြစ်ပယ်ထားခြင်း စသဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ မျိုးမျိုးသောရှု့ထောင့်များကို သင်တန်းသားများ အတွေ့အကြုံရစေရန်

*ကြိုတင်ပြင်ဆင်ခြင်း*

အောက်ပါ လမ်းညွှန်ကဒ်ပြားများကို ပြင်ဆင်ပါ။

ကဒ် A

| |
|---|
| ဤအစည်းအဝေးသည် သင်တို့စေတနာ့ဝန်ထမ်းအဖွဲ့၏ ပထမဆုံး အစည်းအဝေးဖြစ်ပါသည်။ အစည်းအဝေးတက်ရောက်လာသည့် လူအားလုံးထံသွားရောက်ပြီး သင့်ကိုယ်သင် မိတ်ဆက်ပါ။ သူတို့ အဘယ်ကြောင့် စေတနာ့ဝန်ထမ်း ဖြစ်လာရသလဲဆိုသည်ကို မေးမြန်ပါ။ စေတနာ့ဝန်ထမ်းတစ်ဦးအဖြစ် သင်၏အစီအစဉ်များကိုလည်း သူတို့ကိုပြောပြပါ။ |

---

[3] Adapted from: International Save the Children Alliance (ISCA) UN Convention on the Rights of the Child – an ISCA training kit-London: (1997).

ကဒ် B

| |
|---|
| အထူးအဖွဲ့တစ်ဖွဲ့အတွက် သင့်ကို ရွေးချယ်ထားပါသည်။ အခန်းထဲရှိ လူအားလုံးထံသွားရောက်ပြီး သင့်ကိုယ်သင် မိတ်ဆက်ပါ။ မျက်မှန်တက်ထားသောသူတစ်ဦးနှင့်စကားပြောသည့်အခါ သူပြောသည်ကို ဂရုတစိုက်နားထောင်ပေးပြီး အဖွဲ့တွင် မည်သည့်အလုပ်ကို သူလုပ်ရကြောင်း မေးမြန်းပါ။ အကယ်၍ သင်နှင့်စကားပြောသူသည် မျက်မှန်တတ်ထား ခြင်း မရှိလျှင် စိတ်ဝင်စားဟန်မပြဘဲ အခန်းထဲတွင် မျက်မှန်တက်ထားသော အခြားတစ်ယောက်ကို ရှာဖွေဟန်ပြုလုပ်ပါ။ |

၁။ ကစားနည်းတစ်ခုကို ကစားရမည်ဖြစ်ကြောင်း သင်တန်းသားများကိုပြောပြပါ။ လူတိုင်းကို လမ်းညွှန်ချက်များ ရေးသားထားသော ကဒ်ပြားတစ်ခုကို ပေးပါ။ ထိုကဒ်ပြားကို အခြားသူများကိုမပြရပါ။ သို့ပေမယ့် သေသေချာချာ ဖတ်ရှုပြီး လမ်းညွှန်ချက်များအတိုင်း လုပ်ဆောင်ရပါမည်။

၂။ သင်တန်းသား တစ်ဝက်ကို ကဒ် A ကိုဝေပေးပြီး အခန်းအပြင်ဖက်ကို ထွက်စေပါ။

၃။ ကျန်သော သင်တန်းသားတစ်ဝက်ကို ကဒ် B နှင့် မျက်မှန်တလက်စီပေးပါ။

၄။ ထိုနောက် အုပ်စု A ကို အခန်းထဲပြန်ဝင်ရန် ပြောပါ။ အုပ်စု နှစ်စုကို ၅-၁၀ မိနစ်ကြာ ရောနှောထားပါ။ ထိုနောက် ရပ်တန့်ပြီး သင်ခန်းစာကို စတင်ဆွေးနွေးပါ။ သူတို့ကို အောက်ပါမေးခွန်းများကို မေးပါ။

- သင်ခန်းစာကိုလုပ်ဆောင်နေစဉ်အတွင်း ဘာတွေဖြစ်ပျက်ခဲ့သနည်း။
- ထူးထူးခြားခြား သတိထားမိတာများ ရှိပါသလား။
- သင်ဘယ်လို ခံစားရပါသလဲ။ သင်၏တုန့်ပြန်ချက်က ဘာတွေဖြစ်မည်နည်း။
- လက်တွေ့ဘဝတွင် ပါဝင်ဆောင်ရွက်မှုများတွင် သင့်ကို ဖယ်ထုတ်ထားတာ ခံခဲ့ရဖူးပါသလား။
- ဒါဆို သင်ဘယ်လိုခံစားရပါသနည်း။ မည်သည့်အရာကို လုပ်ဆောင်ခဲ့ပါသနည်း။
- သင်အလုပ်လုပ်နေသော ရပ်ရွာထဲတွင် ရပ်ရွာလူထုက ဖယ်ကျဉ်ထားသော သူများရှိပါသလား။
- ဤအခြေအနေတွင် ဖယ်ကျဉ်ထားခံရသော ရပ်ရွာပြည်သူများကို သင်ဘယ်လိုကူညီနိုင်မည်နည်း။

သင်အလုပ်လုပ်နေသော ရပ်ရွာထဲတွင် တိုင်းရင်းသားအမျိုးအမျိုးနှင့် ဘာသာရေးမတူညီသော အုပ်စုများ ရှိနိုင်ပါသည်။ ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ဆောင်သူများသည် ရပ်ရွာအတွင်း ထိုကဲ့သို့ အခွင့်အရေးဆုံးရှုံးခံနေရသော အုပ်စုများကို လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေး အခြေအနေများကြောင့် သတိမထားမိခြင်း သို့မဟုတ် မစဉ်းစားမိခြင်းတို့ ရှိတတ်ပါသည်။ တခါတရံ အမျိုးသမီးများသည် ဘာမှမသိကြဘူးဟု ယူဆထားကြပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ၏ပါဝင်ဆောင်ရွက်မှုကို လစ်လျူရှုထားတတ်ကြပါသည်။ ရပ်ရွာလူထုအားလုံးပါဝင်ဆောင်ရွက်ရေးသည် ရပ်ရွာလူမှုအဖွဲ့အစည်းပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်းလုပ်ငန်းစဉ်တွင် အရေးကြီးသော သဘောတရားတစ်ခု ဖြစ်ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေသူအားလုံးသည် ရပ်ရွာအတွင်းရှိ ပါဝင်ဆောင်ရွက်သင့်သူအားလုံးကို ပါဝင်လုပ်ဆောင်လာစေရန် မမေ့မလျော့စည်းရုံးသင့်ပါသည်။

သင်ခန်းစာ (၆)

# ရပ်ရွာလူမှုအဖွဲ့အစည်းအတွက် ထိရောက်သော ဆက်သွယ်မှုကို ဖော်ထုတ်ခြင်း

ဤသင်ခန်းစာကို လေ့လာဆွေးနွေးပြီးနောက် သင်တန်းသားများသည် -
- မိမိတို့၏ရပ်ရွာလူမှုအဖွဲ့အစည်းအတွက် အခြားအဖွဲ့အစည်းများ၏ထောက်ပံ့ကူညီမှုများအပေါ် နားလည်သဘော ပေါက်စေရန်
- ပြင်ပကအကူအညီပေးသည့်အဖွဲ့များ၏ လက်ရှိအကူအညီများနှင့် အလားအလာရှိသော အကူအညီများကို ဖော်ထုတ်နိုင်စွမ်းရှိလာစေရန်

**အထောက်အကူပြုပစ္စည်းများ**

❖ ဆက်ဆံရေးဆိုင်ရာ အကဲဖြတ်ခြင်းနှင့် အဓိကအကြောင်းအချက် (၃) ချက် လက်ကမ်းစာစောင်များ၊ စက္ကူချပ် အကြီးများ၊ Markers

**အချိန်** - ၁ နာရီ

---

**<u>လုပ်ငန်းစဉ်များ</u>**

၁။ "No man is an island!" စကားပုံကို ရေးပါ။ ထိုစကားပုံနှင့်ပတ်သက်သော ဝေဖန်ချက်များပေးရန် သင်တန်းသားများကို ပြောပါ။ ရပ်ရွာလူမှုအဖွဲ့အစည်းပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးရေးအတွက် အောက်ပါမေးခွန်းများသည် သင်တန်းသားများ စကားပုံကို လေးလေးနက်နက်စဉ်းစားနိုင်စေရန် အထောက်အကူပြုနိုင်ပါသည်။ သင်တန်းသားများကို မိမိတို့အချင်းအချင်း (၁၀) မိနစ်ကြာ ဆွေးနွေးရန်နှင့် ဆွေးနွေးချက်များကို တစ်တန်းလုံးသို့ တင်ပြရန် ပြောပါ။

- ရပ်ရွာလုပ်ငန်းများအတွက် အခြားအဆက်အသွယ်များကို အဘယ်ကြောင့်ရှာဖွေရန် လိုအပ်ပါသနည်း။
- မည်သူ့ကို သို့မဟုတ် မည်သည့်အဖွဲ့အစည်းကို ရပ်ရွာလူထုက ဆက်သွယ်သင့်သနည်း။
- ထိုအဆက်အသွယ်များသည် ရပ်ရွာကို မည်သို့အထောက်အကူဖြစ်နိုင်ပါသနည်း။

ဆက်ဆံရေးဆိုင်ရာ အကဲဖြတ်ချက် (၃၀) မိနစ်

၂။ သင်တန်းသားများကို ဆက်ဆံရေးဆိုင်ရာ အကဲဖြတ်ချက် လက်ကမ်းစာစောင်ကို ဝေငှပေးပါ။



၃။ သင်တန်းသားများကို သူတို့လုပ်ငန်းဆောင်ရွက်ပေးနေသော ရပ်ရွာနှင့်ပတ်သက်ပြီး စဉ်းစားရန်ပြောပါ။ ရပ်ရွာနှင့် ထူးထူးခြားခြား လုပ်ငန်းဆိုင်ရာ ဆက်သွယ်ရေးရှိသော သို့မဟုတ် အနာဂတ်တွင်ရှိလာနိုင်သော အဖွဲ့အစည်းများ အားလုံးကို ဖော်ထုတ်သတ်မှတ်ရန် ပြောပါ။

၄။ ထိုနောက် အောက်ပါမေးခွန်းများကို ဖြေခြင်းဖြင့် ရပ်ရွာနှင့် ထိုအဖွဲ့အစည်းများအကြား ဆက်ဆံရေးကို စဉ်းစားစေပါ။

- အဖွဲ့အစည်းများက အများဆုံးကျင့်သုံးလေ့ရှိသော ဆက်ဆံရေးပုံစံတွေက မည်သည့်အရာများနည်း။ အနည်းဆုံးကျင့်သုံးလေ့ရှိသော ပုံစံက မည်သည့်အရာများနည်း။ အဘယ်ကြောင့်နည်း။

• မည်သည့်ဆက်ဆံရေးပုံစံများကို အရေးအကြီးဆုံးဟု အဆင့်သတ်မှတ်သနည်း။ မည်သည့်ပုံစံက အရေးပါမှု အနည်းဆုံး ဖြစ်သနည်း။ အဘယ်ကြောင့်နည်း။

၅။ အဖွဲ့အစည်း၏ဆောင်ရွက်ချက်၊ အလားအလာကောင်းများနှင့်ဆက်စပ်ပြီး ဆက်ဆံရေးပုံစံများ၏ အရေးပါမှု အဆင့်လိုက် တန်းစီသတ်မှတ်ပါ။ (အဆင့်များကို အထက်အောက် တန်းစီပါ)

၆။ ထိုနောက် သင်တန်းသားများကို ဆက်ဆံရေးပုံစံအမျိုးမျိုးကိုဖော်ထုတ်သတ်မှတ်ပြီး ကဒ်ပြားများပေါ်တွင် ရေးရန်ပြောပါ။ (ထိုကဒ်ပြားများကို အလျားလိုက် ထားပါ။)

၇။ သင်ခန်းစာအဆုံးတွင် `ရပ်ရွာလူမှုအဖွဲ့အစည်းပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်းတွင် အဓိကအချက်(၃)ချက်´ လက်ကမ်းစာစောင်ကို သင်တန်းသားများကိုဝေငှပေးပါ။

လက်ကမ်းစာစောင်

# ဆက်ဆံရေးဆိုင်ရာ အကဲဖြတ်ခြင်း

သင့်၏ရပ်ရွာလူထုနှင့် ပြင်ပမှသူများနှင့် ဆက်ဆံရေးအပေါ်အခြေခံပြီး အမှတ်များပေးပါ။

| |
|---|
| ၅ – အကောင်းဆုံး – တိုးတက်မှု လုံးဝနီးပါ မလိုအပ်တော့ခြင်း |
| ၄ – အလွန်အားရကျေနပ်ခြင်း - တိုးတက်မှုအတွက် အနည်းအကျဉ်းသာ လိုအပ်ခြင်း |
| ၃ – ကျေနပ်အားရခြင်း - သိသာထင်ရှားသည့်တိုးတက်မှုတစ်ချို့ လိုအပ်ခြင်း |
| ၂ - ကျေနပ်အားရမှုမရှိခြင်း - တိုးတက်မှုအများအပြား လိုအပ်နေခြင်း |
| ၁ – အလွန်ကျေနပ်အားမှုမရှိခြင်း - သိသာထင်ရှားသော တိုးတက်မှု လိုအပ်နေခြင်း |

**ဆက်ဆံရေးဆိုင်ရာ အမျိုးအစားများ**


- ရပ်ရွာ လူမှုအဖွဲ့အစည်းများ (CBOs)
- အထောက်အပံ့ပေးသူများ (လှူဒါန်းမှုအမျိုးမျိုး ပြုလုပ်သူများ)
- အလှူရှင်များ (ငွေကြေးနှင့် အထောက်အပံ့ပေးသည့်အဖွဲ့အစည်းများ)
- ဘဏ်/ငွေချေး အဖွဲ့အစည်းများ
- နည်းပညာဆိုင်ရာ သင်တန်းပေးမှု အကူအညီများ
- ကွန်ယက်များဖွဲ့ခြင်း (သက်တူရွယ်တူများအချင်းချင်းဖွဲ့အစည်းထားသော အဖွဲ့အစည်းများ)
- သတင်းအချက်အလက်ဖလှယ်ခြင်း/လက်တွေ့လုပ်ငန်းနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ခြင်း
- ပူးတွဲ လေ့ကျင့်သင်တန်းပေးခြင်းများ/ဆွေးနွေးပွဲများ
- ကျန်းမာရေးနှင့် ပညာရေးဌာနများပါဝင်သည့် ဒေသခံအာဏာပိုင်များ
- ယှဉ်ပြိုင်ခြင်း/ပြိုင်ဖော်ပြိုင်ဖက်

**နမူနာ**

| | အလှူရှင်များ | ရပ်ရွာ အဖွဲ့အစည်းများ | နည်းပညာ အကူအညီ | ကွန်ယက်ဖွဲ့ခြင်း | ယှဉ်ပြိုင်ခြင်း/ ပြိုင်ဖက် |
|---|---|---|---|---|---|
| အဖွဲ့အစည်း - ၁ | | | | | |
| အဖွဲ့အစည်း - ၂ | | | | | |
| အဖွဲ့အစည်း - ၃ | | | | | |
| အဖွဲ့အစည်း - ၄ | | | | | |

လက်ကမ်းစာစောင်

## ရပ်ရွာလူမှုအဖွဲ့အစည်းပါဝင်လာစေရန် လှုံ့ဆော်စည်းရုံးခြင်း၏ အဓိက အချက် (၃) ချက်




ရပ်ရွာလူထုသည် သူတို့၏အသိပညာဗဟုသုတနှင့် ကျွမ်းကျင်မှုများကို ချဲ့ထွင်လာနိုင်သည့်အခါ ၎င်းသည် သူတို့ရပ်ရွာ၏ အခြေအနေကို တိုးတက်ကောင်းမွန်လာစေရန် အထောက်အကူ ဖြစ်ပါသည်။

ရပ်ရွာလူမှုအဖွဲ့အစည်းများမှတဆင့် ရပ်ရွာ၏ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးသက်ရောက်စေသည့် ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် ရပ်ရွာလူထုက ပါဝင်ဆောင်ရွက်နိုင်ပါသည်။ ထိုသို့ပါဝင်ဆောင်ရွက်ခြင်းဖြင့် ရပ်ရွာလူထုအနေဖြင့် တာဝန်ပိုယူလာနိုင်သည်ဟု ခံစားရမှာဖြစ်ပြီး သူတို့၏လူနေမှုဘဝအရည်အသွေးများ တိုးတက်ကောင်းမွန်လာစေရေး လုပ်ကိုင်ဆောင်ရွက်ချက်များကို ထိန်းချုပ်နိုင်ပါသည်။ ထိုသို့လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းကို `စွမ်းရည်မြှင့်တင်ပေးခြင်း´ ဟု ခေါ်ပါသည်။

ထိုလုပ်ငန်းစဉ်တွင် ပါဝင်သော အဓိကအချက် (၃) ချက်မှာ -

၁။ **စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုများ တည်ဆောက်ခြင်း** - သင့်လျော်သော သုံးသပ်ချက်များပေးခြင်းဖြင့် သင်တန်းများ၊ လုပ်ငန်းဆောင်ရွက်ရင်း သင်ယူမှုနည်းလမ်းများကို အသုံးပြုခြင်း

ပါဝင်သောအချက်များမှာ -

- ဆက်ဆံရေးများ တည်ဆောက်ခြင်း (နှစ်လမ်းသွား အပြန်အလှန်ဆက်ဆံရေးမှတဆင့် ရင်းနှီးသော ဆက်ဆံရေး)
- တည်ရှိပြီးဖြစ်သော ဒေသဆိုင်ရာဗဟုသုတအတွေ့အကြုံများ၊ ကျွမ်းကျင်မှုများ၊ ဓလေ့ထုံးစံများ၊ တန်ဖိုးများ

## ၂။ အဖွဲ့အစည်း

ပြည်သူများသည် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်ချင်စိတ်ရှိလျှင် ရပ်ရွာကို ကိုယ်စားပြုသော အဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ပါသည်။ ထိုအဖွဲ့အစည်းများသည် စီမံကိန်းအထောက်အပံ့ (ပူးတွဲလုပ်ကိုင်ခြင်း) များဖြင့် ရပ်ရွာ၏ဖွံ့ဖြိုးရေး အတွက် တာဝန်ယူလုပ်ကိုင်နိုင်ပါသည်။

- ရပ်ရွာလူထုကို သူတို့၏လိုအပ်ချက်များကိုလေ့လာသုံးသပ်မှုပြုရန် အားပေးတိုက်တွန်းပါ။ (ရပ်ရွာကို ကိုယ်စားပြုသူများ ကို အာရုံစိုက်ပါ) ရပ်ရွာ၏လိုအပ်ချက်များကို အောက်ပါအတိုင်း ခွဲခြားပါ။

-ရပ်ရွာလူထုကိုယ်တိုင် လုပ်နိုင်သော လုပ်ငန်းများ

-ရပ်ရွာပြင်ပက အထောက်အပံ့ပေးမှုဖြင့် ရပ်ရွာလူထုလုပ်နိုင်သော လုပ်ငန်းများ

-ရပ်ရွာလူထု မလုပ်နိုင်သော လုပ်ငန်းများ

- ရပ်ရွာလူထုနှင့်အတူ ရေရှည်တည်တံ့နိုင်မည့် ဖြေရှင်းမှုများကို ဖော်ထုတ်သတ်မှတ်ပါ။ သို့မှသာ ရပ်ရွာလူထုသည် ထိုဖြေရှင်းဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ရာတွင် ၎င်းတို့ကိုယ်တိုင် တာဝန်ယူရပါမည်။ (မိမိ၏ လုပ်ငန်းအဖြစ်ခံယူသည့်စိတ်)
- ပြင်ပအထောက်အပံ့များသည် The external support should be for:
    - ရေရှည်တည်တံ့သော အဖွဲ့အစည်းများကို တည်ထောင်မြှင့်တင်ရန် ဆက်သွယ်ဆက်ဆံရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဖြစ်သင့်ပါသည်။
    - ရပ်ရွာလူထု၏ဝင်ငွေ သို့မဟုတ် စုဆောင်ငွေများ တိုးတက်လာစေသည့် စနစ်များ (ဒေသခံအရင်းအမြစ်အခြေခံ ပေါ်တွင် ဖွံ့ဖြိုးအောင်လုပ်ခြင်း)
    - ကျေးရွာ သို့မဟုတ် ရပ်ရွာဖွံ့ဖြိုးရေးအစီအစဉ်များကို ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတွင် အထောက် အပံ့ပေးခြင်း

## ၃။ အဆက်အသွယ်များ ထူထောင်ခြင်း

အစိုးရလက်အောက်ရှိဌာနများ၊ NGOများ၊ အလှူရှင်အဖွဲ့အစည်းများ စသည့် အများပြည်သူနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ နှင့်ဆက်ဆံရေးထူထောင်ခြင်းဖြင့်လည်း ရပ်ရွာလူမှုအဖွဲ့အစည်းများကို အထောက်အပံ့ပေးနိုင်ပါသည်။ ထိုသို့ ဆက်ဆံရေး ထူထောင်ခြင်းသည် ပိုမိုကျယ်ပြန့်သော အထောက်အပံ့ကိုရရှိစေပြီး ရပ်ရွာလူမှုအဖွဲ့အစည်းများက မိမိတို့လုပ်နေသော လုပ်ငန်း၏ပြင်ပ အခြားလုပ်ငန်းများကိုပင် လုပ်ချင်သည့်အခါ လုပ်ကိုင်နိုင်လာစေပါသည်။

သင်ခန်းစာ - (၇)

# ပဋိပက္ခဖြေရှင်းခြင်း

ဤသင်ခန်းစာကို လေ့လာဆွေးနွေးပြီးနောက် သင်တန်းသားများသည် -
- လူတစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများတွင် ပဋိပက္ခများရှိတတ်သည်မှာ သဘာဝဖြစ်ကြောင်း နားလည်စေရန်
- ပဋိပက္ခများကို ဖြေရှင်းပုံဖြေရှင်းနည်းအမျိုးမျိုးကို သိရှိ အသိအမှတ်ပြုတတ်စေရန်
- ပဋိပက္ခဖြေရှင်းနည်း အဆင့်ဆင့်ကို သိရှိနားလည်စေရန်

**အထောက်အကူပြုပစ္စည်းများ**

❖ `ပဋိပက္ခဖြေရှင်းမှု ချည်းကပ်နည်းအမျိုးမျိုး´ `ပဋိပက္ခဖြေရှင်းနည်း အဆင့်ဆင့်´ လက်ကမ်းစာစောင်များ၊ စက္ကူချပ် အကြီးများ၊ Markers၊ ရောင်စုံမှန်အမျိုးမျိုးပါဝင်သော ဈေးပေါသည့်မျက်မှန် (၄-၅) လက်

**အချိန်** - ၂ နာရီ

---

**<u>လုပ်ငန်းစဉ်များ</u>**

၁။ ယခုသင်ခန်းစာကို ဇာတ်လမ်းတစ်ပုဒ်ဖြင့် စတင်မည်ဖြစ်ကြောင်း သင်တန်းသားများကို ပြောပါ။ သင်တန်းနည်းပြမှဖြစ်စေ၊ ပုံပြောကောင်းသော သင်တန်းသားတစ်ဦးမှဖြစ်စေ အောက်ပါဇာတ်လမ်းကို ဖတ်ပြပါ။ သင်တန်းသားကို ဖတ်ပြခိုင်းမည်ဆိုလျှင် ဇာတ်လမ်းကိုဖတ်ရှုပြင်ဆင်နိုင်ရန် ထိုသင်တန်းသားထံ ကြိုတင်ပေးထားပါ။

ကြွေရုပ်ကလေး ဇာတ်လမ်း[4]

တခါက ရသေ့တစ်ပါး ရွာတစ်ရွာကိုရောက်ရှိလာသည်။ ထိုရသေ့သည် ရွာလမ်းအတိုင်းလျှောက်လာနေစဉ် လက်မှုပညာသည်တစ်စုနှင့် မိတ်ဆွေဖြစ်သွားသည်။ ရသေ့သည် ထိုလက်မှုပညာသည်အုပ်စုကို ခေါ်ပြီး အလွန်လှပသော မိန်းမငယ်တစ်ယောက်ပုံ ထုဆစ်ရန် ပြောပါသည်။ အိုးဖုတ်သမားက ရွှံ့များယူဆောင်လာပြီး ပန်းပုဆရာက လှပသောမိန်းမငယ်ပုံ ထုဆစ်သည်။ ယက်ကန်းသမား က ပိုးချည်ဖြင့် ဝတ်စုံတစ်ထည် ယက်လုပ်သည်။ လက်ကောက် ခြေချင်းများရောင်းသူက လက်ကောက်ခြေချင်းများကို ယူဆောင်လာပါသည်။ ပန်းတိမ်ဆရာက ရွှေလယ်ဆွဲတစ်ခု ပြုလုပ်ပြီး ဖိနပ်ချုပ်သူက သူမအတွက် ဖိနပ်တစ်ရံ ချုပ်လုပ်ပေးကြသည်။

ရသေ့သည် ထိုလှပသောအမျိုးသမီးငယ်၏ရုပ်ထုကို နှစ်သက်သဘောကြပြီး အသက်သွင်းပေးလိုက်သည်။

လက်မှုပညာသည်အားလုံးသည် ယခုအခါ သူမကို လက်ထပ်ချင်ကြသည်။ အိုးဖုတ်သမားက သူ၏ရွှံ့ဖြင့်ပြုလုပ်ခြင်းဖြစ်၍ သူပိုင်ဆိုင်သင့်ကြောင်း ပြောပါသည်။ ပန်းပုဆရာက သူထုဆစ်ထားသောကြောင့် သူသာလျှင်ပိုင်ဆိုင်သင့်ကြောင်း ပြောပါသည်။ အခြားသူများကလည်း သူတို့သာလျှင်ပိုင်ဆိုင်ကြောင်း ကိုယ်စီအမြင်များရှိကြပါသည်။ ယက်ကန်းသမားက သူယက်လုပ်ဆင်မြန်းပေးထားသောကို ဝတ်ဆင်ထားသည့်အတွက် သူသာလျှင် လက်ထပ်သင့်သည်၊ ပန်းတိမ်ဆရာက မိန်းကလေးမှာ သူပြုလုပ်ထားသော လယ်ဆွဲကို ဆင်မြန်းထားသည့်အတွက် သူနှင့်သာ ထိုက်တန်ကြောင်း ပြောပါသည်။

မိန်းမငယ်ကို အသက်သွင်းပေးလိုက်သော ရသေ့သည်ပင်လျှင် သူပိုင်ဆိုင်သင့်ကြောင်း ယခုအခါ ပြောဆိုလာပါသည်။

-ဇာတ်လမ်းအဆုံး-

---

[4] Adapted from: Krishna. <u>The Myrada Experience – a manual for Capacity Building of Self Help Grops.</u> Bangalore: National Printing Press 2000 (p.131)



အဖွဲ့လိုက်ဆွေးနွေးခြင်း

၁။ သင်တန်းသားအဖွဲ့များကို ၄င်းတို့ကိုယ်တိုင် တရားသူကြီးများအဖြစ်ခံယူပြီး ထိုပြဿနာ၏အဖြေကိုရှာရန်ပြောပါ။ (၁၀ မိနစ်)

၂။ အဖွဲ့အားလုံးကို အဖြေများကို တစ်တန်းလုံးနှင့် ဆွေးနွေးရန် ပြောပါ။ အထက်ပါဇာတ်လမ်းပုစ္ဆာအတွက် အဖွဲ့များက ဆွေးနွေးသော နည်းလမ်းများ သို့မဟုတ် အဖြေများကို သင်တန်းနည်းပြမှ ရေးမှတ်ထားပါ။ အဖွဲ့တိုင်းက အဖြေတစ်ခု ရရှိလာရန် ၄င်းတို့၏ချည်းကပ်ပုံ အဆင့်ဆင့်ကိုလည်း ရေးမှတ်ထားပါ။ (၁၀ မိနစ်)

၃။ ` ပဋိပက္ခဖြေရှင်းမှု ချည်းကပ်နည်းအမျိုးမျိုး ´ လက်ကမ်းစာစောင်ကို သင်တန်းသားများ ကိုးကားနိုင်စေရန် ဝေငှပါ။ ထို့နောက် ၄င်းတို့၏ရပ်ရွာတွင် တွေ့မြင်ရလေ့ရှိသော ပဋိပက္ခများကို စဉ်းစားရန် သင်တန်းသားများကို ပြောပါ။ ထို ပဋိပက္ခ များထဲမှ တစ်ခုကို ရွေးချယ်၍ သရုပ်ဖော်ပြကွက်အတွက် ရွေးချယ်ပါ။ (၁၀ မိနစ်)



၄။ အဖွဲ့များသည် ပြဿနာတစ်ခုကို ဖြေရှင်းပုံ သရုပ်ဖော်ပြကွက်များကို အပြန်အလှန်လေ့လာကြည့်ရှုပါ။ ထို့နောက် တစ်တန်းလုံးနှင့် ဆွေးနွေးသည့်အခါ ပဋိပက္ခဖြေရှင်းရာတွင် အသုံးပြုလေ့ရှိသော ချည်းကပ်နည်းများကို ဆွေးနွေးရန် အဖွဲ့တိုင်းကို ပြောပါ။


၅။ ` ပဋိပက္ခဖြေရှင်းနည်း အဆင့်ဆင့် ´ လက်ကမ်းစာစောင်များကို သင်တန်းသားတိုင်းကို ဝေငှပေးပါ။ ထို့နောက် သင်တန်းသားများကို မိမိတို့အဖွဲ့လိုက် ပြန်စုပြီး ပေးထားသော လက်ကမ်းစာစောင်ကို အသုံးပြုပြီး ပဋိပက္ခ ဖြေရှင်းပုံ နည်းလမ်းကို လေ့လာသုံးသပ်ရန် ပြောပါ။ (၁၅ မိနစ်)

၆။ အဖွဲ့များကို ၄င်းတို့ထဲမှ ဆွေးနွေးတင်ပြမည့်သူတစ်ဦးစီ ရွေးချယ်စေပြီး တစ်တန်းလုံးကို တင်ပြဆွေးနွေးရန် ပြောပါ။ (၂၀ မိနစ်)

၇။ သင်တန်းသားများကို ရပ်ရွာဖွံ့ဖြိုးရေးလုပ်ဆောင်စဉ် ၄င်းတို့တွေ့ကြုံခဲ့ရသော ပဋိပက္ခ ၃-၄ မျိုးနှင့် ထိုပဋိပက္ခများကို မည်ကဲ့သို့ ဖြေရှင်းခဲ့ကြောင်း ပြောပြစေပါ။ (၁၅ မိနစ်)

၈။ သင်ခန်းစာကို အအောက်ပါ ဆွေးနွေးတင်ပြချက်ဖြင့် အဆုံးသတ်ပါ။

လူများအကြား ၄င်းတို့၏မတူညီသော ဘ၀အတွေ့အကြုံများ၊ သဘောထားများ၊ မျှော်လင့်ချက်များကြောင့် မတူညီမှုများသည် ဖြစ်ပေါ်လာနိုင်ပါသည်။ ထိုမတူညီမှုများသည် အုပ်စုတစ်ခုအတွင်း ပဋိပက္ခများကိုဖန်တီးဖြစ်ပေါ်စေပြီး သဘောထားကွဲလွဲမှုများနှင့် မကြာခဏဆိုသလို အဆုံးသတ်တတ်ပါသည်။ လူ့အဖွဲ့အစည်းတစ်ခု၏နေ့စဉ်ဘ၀တွင် ပဋိပက္ခများရှိနေခြင်းသည် သဘာဝဖြစ်သလို လွဲရှောင်၍လည်း မရနိုင်ပါ။ ဆက်သွယ်ဆက်ဆံမှု နိမ့်ကျခြင်း၊ အပြန်အလှန်လက်ခံနားလည်မှုနှင့် လေးစားယုံကြည်မှုမရှိခြင်းတို့သည် ပဋိပက္ခဖြစ်စေရန် ပို၍တွန်းပို့နိုင်ပါသည်။



ပဋိပက္ခတစ်ခုကို ဖြစ်ပေါ်စေနိုင်သော အကြောင်းအချက်များမှာ -

၁။ အဖွဲ့အစည်းဆိုင်ရာ အပြောင်းအလဲ

၂။ မတူကွဲပြားသော အုပ်စုများ

၃။ မဟာဗျူဟာဆိုင်ရာ သဘောထားကွဲလွဲမှု

၄။ အုပ်စုများအကြား ပြိုင်ဆိုင်ခြင်း

၅။ ကျိုးကြောင်းမညီညွတ်သော မျှော်လင့်ချက်များ

၆။ အားလုံးသဘောတူနားလည်လက်ခံနိုင်သည့်အရာ မရှိခြင်း

၇။ ရည်မှန်းချက်ဆိုင်ရာ ပဋိပက္ခ

၈။ ဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်မှု မရှိခြင်း

၉။ မရှင်းလင်းသော/မမျှတသော မျှော်လင့်ချက်များ

၁၀။ အာဏာပြိုင်ဆိုင်ခြင်းနှင့် ကြိုးကိုင်ချယ်လှယ်ခြင်း

## ပဋိပက္ခဖြေရှင်းမှု ချည်းကပ်နည်းအမျိုးမျိုး [5]

- **ရှောင်ရှားခြင်း -** ပဋိပက္ခဖြစ်မည့်အခြေအနေမှ နောက်ဆုတ်လိုက်ခြင်း နှင့် ထိုသို့မဖြစ်ပေါ်စေနိုင်သော ဆွေးနွေးမှုကို ပြုလုပ်ရန် ငြင်းဆိုခြင်း

- **ပျော့ပြောင်းညင်သာခြင်း -** မတူညီမှုများကို ဖုံးကွယ်ချန်လှပ်ပြီး အားလုံးကောင်းပါသည်ဟု ပြောဆိုခြင်း၊ ပဋိပက္ခကို လက်ခံရန် ငြင်းဆိုခြင်း

- **အပေးအယူလုပ်ခြင်း -** သဘောတူညီမှုတစ်ခုရရှိရန် စေ့စပ်ညှိနှိုင်းခြင်း သို့မဟုတ် နှစ်ဖက်စလုံး ရရှိမှုကို အများဆုံး ဖြစ်စေရန် အပေးအယူလုပ်ခြင်း

- **အင်အားအသုံးပြုခြင်း -** လူနည်းစုကဆုံးဖြတ်ထားချက်ကို တစ်စုံတစ်ယောက်ကို အတင်းအကျပ်လက်ခံစေခြင်း

- **ပြဿနာဖြေရှင်းခြင်း -** ကွဲပြားခြားနားမှုများကို လက်ခံခြင်းနှင့် ပူးပေါင်းဆောင်ရွက်သောနည်းဖြင့် ဖြေရှင်းခြင်း

<u>**ပြဿနာဖြေရှင်းခြင်း ချည်းကပ်နည်းတစ်ခု ဆိုသည်မှာ -**</u>

- ပဋိပက္ခကို ဖြစ်စေသော တကယ့်အကြောင်းအချက်များကို ပွင့်ပွင့်လင်းလင်း အသိအမှတ်ပြုခြင်း
- စဉ်းစားပုံစဉ်းစားနည်း အမျိုးမျိုးကို လက်ခံခြင်း
- တစ်ဦးတစ်ယောက်၏ရပ်တည်ချက်ကို ပြောင်းလဲလိုသည့်စိတ်ဆန္ဒ
- ၎င်းသည် ရှိန်းခြောက်သည့်ဖြစ်စဉ်တစ်ခုဖြစ်နိုင်ပြီး အချိန်ယူကောင်း ယူရမည်။ အဖွဲ့အတွင်း ပိုမိုမြင့်မားသောလက်ခံနိုင်မှုအဆင့်နှင့် ဖြေရှင်းနည်းများကို ပိုမိုဖန်တီးနိုင်မည့်နည်းလမ်းကို ဦးတည်စေသော ပွင့်လင်းသည့်ဖြေရှင်းမှု ဖြစ်သည်။

---

[5] [5] Adapted from: Krishna. <u>The Myrada Experience – a manual for Capacity Building of Self Help Grops.</u> Bangalore: National Printing Press 2000 (p.133)

လက်ကမ်းစာစောင်

# ပဋိပက္ခဖြေရှင်းနည်း အဆင့်ဆင့်

- ဖြစ်ခဲ့သော ပဋိပက္ခ၊ ပါဝင်ပတ်သက်သူများအပါအဝင် ပဋိပက္ခကို ပွင့်ပွင့်လင်းလင်းဆွေးနွေးခြင်း။ လူတိုင်း၏အမြင်များကို နားထောင်ပါ။

- လူတိုင်း၏ယူဆချက်များကိုထည့်သွင်းစဉ်းစားပြီး ဖြစ်နိုင်ခြေရှိသော အဖြေများကို စာရင်းပြုစုပါ။

- အဖြေတစ်ခုစီ၏အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်သတ်မှတ်ပါ။ ယာယီဖြေရှင်းမှုလား၊ ရေရှည်တွင် ကျေနပ်စရာကောင်းသည့် အခြေခံအဆောက်အအုံပိုင်ဆိုင်ရာ အပြောင်းအလဲများကိုတောင်းဆိုသည့် အဖြေတစ်ခုလား။

- အထိရောက်ဆုံးနှင့် အားလုံးစုပေါင်းဖြေရှင်းသော ဖြေရှင်းမှု။ ဤအချက်တွင် ဖြေရှင်းနည်း၏ထိရောက်မှုကို ရပ်ရွာလူထု နားလည်သဘောပေါက်လာစေရန် လုပ်ဆောင်ရန်လိုအပ်သည်။

- အကောင်အထည်ဖော်ရန်အတွက် အချိန်သတ်မှတ်ဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ခြင်း မည်သူက မည်သည့်အရာကို မည်သည့်နေရာတွင် မည်သို့အကောင်အထည်ဖော်မည်ကို ဆုံးဖြတ်ခြင်း။

- ပြန်လည်စစ်ဆေးသုံးသပ်ခြင်းနှင့် ဆက်လက်လုပ်ဆောင်ခြင်း။ ပဋိပက္ခကို ကျေကျေနပ်နပ် ဖြေရှင်းခဲ့ပြီလား။ ကျေနပ်မှုမရှိခဲ့ရင် အခြားမည်သည့်အရာကို လုပ်ဆောင်ရန် လိုအပ်ပါသနည်း။